**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

**မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ**


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၉၀)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ သောကြာနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌

**စာမျက်နှာ ၁၅ ကော်လံ ၁ ★**




# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်)

## နိုင်ငံ့စီးပွားမြင့်မားသည်ထက်မြင့်မားရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဦးဆောင်လျက်ရှိရာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းခဲ့သည့်နိုင်ငံ့စီးပွားရေးကိုပြန်လည်ဦးမော့လာစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံ၏အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများအဖြစ် အားပေးဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံ့စီးပွားရေးမှာပြန်လည်ဦးမော့လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့်တန်းတူတိုးတက်မှုရှိစေရေးမှသည် ပိုမိုတိုးတက်သည့်နိုင်ငံဖြစ်လာစေရန်ကြိုးပမ်းကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းသည့်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှာ လုပ်နိုင်လျှင်လုပ်နိုင်သလောက်အကျိုးများသည့် ကုန်ထုတ်လုပ်ငန်းများဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ကရည်မှန်းသတ်မှတ်ထားသည့်ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မိမိဒေသဖွံ့ဖြိုးရေးမှသည် မိမိနိုင်ငံဖွံ့ဖြိုးရေးသို့တက်လှမ်းနိုင်မည်ဖြစ်သည်။ လုပ်ငန်းတစ်ခုအောင်မြင်မှုရှိစေရေးကို လုပ်ငန်းဆောင်ရွက်နေသူအသိုင်းအဝိုင်းတစ်ခုလုံးကကြိုးပမ်းကြရမည်ဖြစ်သည်။ လုပ်ငန်းများပိုမိုအောင်မြင်မှုရလာလေ လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလေလေဖြစ်ပေမည်။ မိမိတို့ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး တိုင်းဒေသကြီး/ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၁ ရက်ကကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၇/ ၂၀၂၄) တွင် အမှာစကားပြောကြားစဉ် **“တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ဒေသအလိုက် စံပြစိုက်ခင်းများစိုက်ပျိုး၍ စံနမူနာပြဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သီးထပ်စွမ်းအားများတိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ၎င်းနှင့်ဆက်စပ်သည့်ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါတိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးအားတိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံကပိုင်ဆိုင်ထားသည့် ရေခံမြေခံကောင်းများနှင့်အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရေချိုပေါများသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပေရာ ရေကိုအကျိုးရှိစွာအသုံးပြုကြရမည်ဖြစ်သည်။ ထို့အတူ မြေကိုလည်းစနစ်တကျပြုပြင်ဆောင်ရွက်နိုင်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သမားရိုးကျလုပ်ဆောင်နေခြင်းထက် ခေတ်မီနည်းစနစ်များဖြင့်ပန်းတိုင်အထွက်နှုန်းရရှိအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအောင်မြင်စွာဆောင်ရွက်နေကြသည့် ပြည်ပနိုင်ငံများ၏နည်းစနစ်များကို လေ့လာအတုယူဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားတိုးတက်ဖွံ့ဖြိုးရေးတွင် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးသည်လည်း အဓိကကဏ္ဍဖြစ်သည်။ ပြည်ပပို့ကုန်တိုးမြှင့်နိုင်စေရေး အသီးအနှံများပိုမိုထုတ်လုပ်တင်ပို့နိုင်ရန် အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံအတွင်းရှိသည့် အခြေခံကောင်းများကို ကောင်းစွာအသုံးချနိုင်ခြင်းသည် နိုင်ငံ၏အားပင်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ထုတ်ကုန်များနှင့်ပို့ကုန်များ တိုးမြှင့်လာအောင်ဆောင်ရွက်ကာ ကမ္ဘာပေါ်တွင်စားရေရိက္ခာကိုထုတ်လုပ်သည့်နိုင်ငံတစ်ခုအဖြစ် ဂုဏ်ယူနိုင်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများနည်းတူ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့်မွေးမြူနိုင်ရမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများကို ဒေသန္တရမွေးမြူခြင်းထက် လှောင်၍မွေးမြူပြီးဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးဦးတည်ချက်များကိုချမှတ်ရာတွင် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့်တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး” ကို ပထမဦးဆုံးဦးတည်ချက်အဖြစ်သတ်မှတ်ထားသည်။ စားရေရိက္ခာဖူလုံမှုသည် တိုင်းပြည်သာယာဝပြောရေးကိုအဓိကအထောက်အကူပြုသည်။ နိုင်ငံ၏အဓိကစီးပွားရေးမှာလည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကုန်ထုတ်လုပ်ငန်းဖြစ်သည်။ အဆိုပါလုပ်ငန်းများအထောက်အကူပြုမည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုအခြေခံသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ လူသားအရင်းအမြစ်များဖွံ့ဖြိုးလာခြင်းနှင့်အတူ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည်လည်း ပိုမိုလည်ပတ်လာနိုင်မည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက စားသောက်ကုန်များ များစွာထုတ်လုပ်နိုင်သည့် နိုင်ငံတစ်ခုဖြစ်လာပေမည်။ အနှစ်ချုပ်ဆိုရသော် တိုင်းပြည်၏အခြေခံအရင်းအမြစ်များကို အကျိုးရှိရှိအသုံးပြုကာ နိုင်ငံ့စီးပွားမြင့်မားသည်ထက်မြင့်မားအောင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

နေပြည်တော် အောက်တိုဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအုပ်စု သာဂလကျေးရွာ၌ ဒွါဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာလ ၂၃ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ဆောင်ရွက်သည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၆၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာဂလကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၀ ဦးကို ငွေကျပ် ၁၇၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦးကို ငွေကျပ် ၂၇၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၀ ဦးကို ငွေကျပ် ၁၈၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၆၃၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။ **နေဘ်လူး**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၀-၂၀၂၄(သောကြာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မပူဇာတေး
၄။ ၇:၄၅ မြန်မာသံစဉ်ချိုနားဝင်
၅။ ၈:၂၅ နှစ်(၇၀) ကျော်ကြားတေးများ
၆။ ၉:၃၅ Soft Skill
၇။ ၁၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈။ ၁၀:၁၀ အမျိုးသားရေးတေးကဗျာ
၉။ ၁၀:၅၀ ကျန်းမာသုတ
၁၀။ ၁၁:၄၀ Sport Review
၁၁။ ၁၁:၅၀ မြန်မာ့လက်သံ
၁၂။ ၁၃:၅၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၃။ ၁၄:၁၀ ရုပ်မြင်သံကြားဇာတ်လမ်း (၇-၈ နာရီ) (Rep)
၁၄။ ၁၆:၀၆ တစ်ပတ်အတွင်းစာပေနှင့်အနုပညာသတင်း
၁၅။ ၁၆:၄၅ သီချင်းလက်ဆောင်
၁၆။ ၁၈:၁၅ အတွေးအမြင်

the Myawady Daily
မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေများကို လေ့လာခြင်းသုတေသန(၂၀၂၄)ဆောင်ရွက်ရန် သင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေလေ့လာခြင်းသုတေသန(၂၀၂၄)(STEPS Survey–2024) ဆောင်ရွက်ရန် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွင်း မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)ကို ရေးဆွဲပြီး ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသအောက်ခြေအထိ မကူးစက်နိုင်သောရောဂါများဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီစေရေးအတွက် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးခန်းများကို ကျေးလက်ကျန်းမာရေးဌာနများတွင် အပတ်စဉ်ဖွင့်လှစ်ထားရှိပြီး လိုအပ်သောအခြေခံဆေးများနှင့်ဆေးပစ္စည်းများကို ဝယ်ယူပံ့ပိုးပေးလျက်ရှိကြောင်း၊ STEPS Survey ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူလူထုအတွင်း မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်တို့မှ သင်တန်းဆရာများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂ ရက်အတွင်း သုံးသုတ်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် STEPS Survey –2024 ကို တိုင်းဒေသကြီး/ပြည်နယ် ၁၃ ခုတွင် ကောက်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးရန်အတွက် ဆောင်းသီးနှံ မတ်ပဲနှင့် ပဲတီစိမ်းမျိုးစေ့များထောက်ပံ့ပေးအပ်




**တောင်ငူ အောက်တိုဘာ ၂၄**

တောင်ငူမြို့ ကေတုရတနာခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက "ရာဂါ" မုန်တိုင်းကြောင့် တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများ ပြန်လည်အစားထိုး စိုက်ပျိုးရန်အတွက် ဆောင်းသီးနှံ မတ်ပဲနှင့် ပဲတီစိမ်းမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်တင်ဘာလအတွင်း "ရာဂါ"မုန်တိုင်းကြောင့် ဒေသအလိုက် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ငူခရိုင်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၂၀၀၀၀ ကျော် ရေကြီးနစ်မြုပ်ခဲ့ပြီး ပျက်စီးဧက ၇၇၀၀၀ ကျော်ရှိကာ ဧက ၁၅၀၀၀ ကျော်အား သက်တမ်းတိုစပါးမျိုးဖြင့် ပြန်လည်စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စပါးပြန်လည်စိုက်ပျိုးရန် အခြေအနေမပေးသည့် နေရာများတွင် မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နေကြာ၊ ဆောင်းနှမ်း၊ အစေ့ထုတ်ပြောင်းအပါအဝင် ရေမြေသဘာဝနှင့်ကိုက်ညီသည့် သီးနှံများကို ပြန်လည်စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက တောင်ငူခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးပြန်လည်မစိုက်ပျိုးနိုင်တော့သည့်တောင်သူများအတွက် ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး မတ်ပဲမျိုးစေ့နှင့် ပဲတီစိမ်းမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ၎င်းနောက် တက်ရောက်လာသည့်ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**




# ကျွန်းလှမြို့နယ်၌ ဖူးစားပြောင်း ဧက ၁၃၀၀ ကျော်စိုက်ပျိုးမည်

**ကျွန်းလှ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ စပါးအပြင် သီးနှံမျိုးစုံစိုက်ပျိုးကြရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆောင်းရာသီ၌ ဖူးစားပြောင်း ဧက ၁၃၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

" ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်းစိုက်ပျိုးဖို့ ၁၃၃၇ ဧကလျာထားပါတယ်။ စိုက်ပျိုးရာမှာ ချောင်းရေ၊ မြောင်းရေနဲ့ မြေအောက်ရေတင်ပြီး စိုက်ပျိုးကြပါတယ်။ အခြားသီးနှံများနဲ့ သီးထပ်၊ သီးညှပ်စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက်ရှိပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။



ဖူးစားပြောင်းစိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ မြေယာပြုပြင်ချိန်တွင် ဓာတ်မြေဩဇာ အချိုးကျထည့်သွင်းအသုံးပြုရေး၊ တစ်ဧကအပင်ရေပြည့်မီရေး ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။ ဖူးစားပြောင်းစိုက်ပျိုးရာတွင် ပြောင်းချို၊ သကြားပြောင်းနှင့် ကောက်ညှင်းပြောင်းများကို စိုက်ပျိုးကြကြောင်းသိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

ဤနှစ်တွင်တော့ အတန်းအရေအတွက် များလာသည့်အတွက် အ.မ.က သရက်တောင်မှ မူလတန်းပြ ဆရာဦးစောမောင်လှအား သင်္ချာနှင့် သိပ္ပံဘာသာရပ်ကို ကူညီပြသစေသည်။ ဤသို့ အလယ်တန်းအဆင့်တွင် ဝင်ရောက်ပြသနိုင်ခြင်းမှာ မူလတန်းအဆင့်တွင် ဆရာမနှစ်ဦး နေရာသစ်ဖြင့် တိုးခန့်ထား၍ပင်ဖြစ်သည်။ ကျွန်တော့်မှာ ဆယ်တန်းအောင်ထားပြီးဖြစ်သော်လည်း ကျောင်းဆရာအဖြစ် ခန့်အပ်တာဝန်ပေးခြင်း မခံရသည့်အတွက် မခေါ်သာ တော်ရာကပြုံးနေရသည့်အဖြစ်မျိုးပါပေ။

ကျွန်တော် တွဲဖက်အလယ်တန်းကျောင်းတွင် စာသင်ပြနေစဉ်မှာပဲ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ လူမှုရေးကော်မတီက ကျွန်တော့်ကို မြေပုံမြို့သို့လိုက်လာခဲ့ပါရန် အမှာစကားတစ်ခု ရောက်လာခဲ့၍ ကျွန်တော် အရမ်းပျော်သွားသည်။ ကျွန်တော် ကျောင်းဆရာဖြစ်တော့မည်ဟု အာရုံရသွားသည်။ ကျွန်တော်သည် ကမ်းထောင်းကြီးမှ တစ်ဆင့် ပုံမှန်ထွက်နေသောမော်တော်ဖြင့် မြေပုံမြို့သို့ လိုက်ပါခဲ့သည်။ နောက်တစ်နေ့နံနက် မိုးလင်းစတွင် မြေပုံမြို့ဆိပ်ကမ်းသို့ရောက်သည်။ ထမင်းဆိုင်မှာပဲ ကျွန်တော်တည်းလိုက်သည်။ တစ်ညလုံးအိပ်ရေးပျက်လာ၍ ကိုယ့်အိတ်ကလေးကို ခေါင်းအုံးပြီး ဘုရားစင်အောက်တွင် ခဏမှေးလိုက်သည်။ အိပ်ရာနိုးချိန်တွင် ၁၀ နာရီထိုးတော့မည်ဖြစ်၍ အဝတ်တစ်စုံ လဲဝတ်ပြီး မြို့နယ်ပြည်သူ့ကောင်စီရုံးသို့ သုတ်ခြေတင်တော့သည်။ လူမှုရေးကော်မတီဥက္ကဋ္ဌဆိုသူကို တွေ့လိုက်ရပါပြီ။ ရောမ လူသန်ကြီး၊ ကိုယ်ခန္ဓာက အိအိဖြိုးဖြိုးကြီး၊ သူ့ကို ကျွန်တော် ကောင်းကောင်းသိသည်။ ၁၉၆၇ ခုနှစ်က H.S.F (High School Final) စာမေးပွဲကို ကျောက်ဖြူစာစစ်ဌာနတွင် ဖြေကြတုန်းက မြေပုံမြို့နယ် စာဖြေသူစာရင်းတွင် သူ့ကိုတွေ့သည်။ ဖေခင်၊ သိန်းဖေ၊ မြသိန်းနှင့် မအေးမြိုင်တို့ အောင်သွားကြ၍ စာမေးပွဲကျသူများထဲတွင် သူပါသည်။ သူ ကိုးတန်းပညာလောက်သင်ဖူးခဲ့သည်။ ကျွန်တော်နှင့်အတူ တစ်နှစ်တည်းအတူဖြေခဲ့ကြသည်။ ကျွန်တော်နှင့်အတူ ကိုးတန်းကျ အရှုံးသမားပင်ဖြစ်သည်။

ကျွန်တော့်မှာ အရာရာကို အလေးအနက်ထားလေ့ရှိသူဖြစ်သဖြင့် သူ့ကိုသိနေသော်လည်း သူကား ကျွန်တော့်လို သာမန်အဆင့်လောက်သာရှိသောသူကို မည်သို့မျှမသိနိုင်ပေ။

"အဝေး"

မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက ကျွန်တော့်ကို စတင်ခေါ်လိုက်သည့်အသံသည် တော်တော်ကျယ်သည်။ ကိုယ်လုံးကြီးထွားသလို အသံသြဇာလည်း တော်တော်မြင့်သည်။ လည်ချောင်းသံကြီး ဟိန်းထွက်သွားသည်။

"မင်းကို over age အနေနဲ့ ပညာရေးဝန်ကြီးဌာနကို ဒီက တင်ပေးလိုက်တယ်"

ကျွန်တော့်မှာ ကျောင်းဆရာဖြစ်ရတော့မည်ဟု မျက်တောင်ပင်မခတ်ဝံ့ဘဲ လူကြီးမင်း၏ နှုတ်ထွက်စကားသံကို နားစွင့်နေမိသည်။ သူ့ဆီက တော်ရုံနှင့် အသံထွက်မလာ။

"ခု ပညာရေးဝန်ကြီးဌာနက အကြောင်းပြန်စာရောက်လာပြီ၊ ဒါကြောင့် မင်းကိုခေါ်လိုက်တာ"

ကျွန်တော့်လိုအပ်ချက် နီးလာပြီဖြစ်၍ ကျွန်တော့်မှာ ပိုပြီးရင်ခုန်နေမိသည်။ ပြောရလျှင် သိန်းထီပေါက်ပြီး ပျောက်နေသောလက်မှတ်ကို ပြန်ရသလိုမျိုးဖြစ်တော့မည်။

"မင်းကို ပညာရေးဝန်ကြီးဌာနက ကျောင်းဆရာခန့်ဖို့ကိစ္စမှာ"

သူ့စကားသည် မည်သည်ကို ဦးတည်နေမှန်းမသိ။ ကျွန်တော့်စိတ် ပိုပြီးလှုပ်ရှားလာသည်။

"ဒီလိုပါ ဒီက ကျောင်းဆရာခန့်ခွင့် တောင်းစာပို့တာ နောက်ကျသွားလို့ မခန့်ဖြစ်တော့ဘူးလို့ ဒီကို အကြောင်းကြားပေးတာ၊ အဲဒါ မင်းသိအောင်လို့ ငါ တာဝန်အရ ခေါ်ပြောတာ"တဲ့ဗျာ။

ကဲ ဘယ်လိုပြောရမလဲ။ ကျွန်တော့်ကို အလုပ်မခန့်တဲ့အကြောင်းကို ခေါ်ပြီးနှိပ်စက်ချင်လို့ ကျွန်တော့်မှာ အလုပ်ပျက်ခံ၊ အိပ်ရေးပျက်ခံ၊ ငွေကုန်ကြေးကျခံပြီး မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ လူမှုရေးကော်မတီဥက္ကဋ္ဌ၏ စီရင်ချက်အမိန့်ကို နာခံခဲ့ရပါပေါ့လား။

ကျွန်တော် သူ့ကို တစ်ချက်မော့ကြည့်ပြီး"ကျေးဇူးတင်ပါတယ်"လို့ ပြောဖြစ်ခဲ့လေသလားမသိ။

● ● ● ● ● ● ●

၁၉၇၇-၁၉၇၈ ခုနှစ် ဘဝပေးအသိ၊ သမိုင်းပေးတာဝန်အရ ကျွန်တော် အခြေခံပညာအထက်တန်းကို ဆက်ဖြေရပေဦးမည်။ စိတ်အစဉ်တွင် ဆယ်တန်း ပထမနှစ်တုန်းကလောက် တိုးအား၊ တွန်းအားမရှိသည်ကို ကိုယ့်ကိုယ်ကိုယ် အလိုလိုသိနေမိသည်။ သို့သော် ကလေးများအား စာပေသင်ကြားပြသမှု အသိပညာဖြန့်ဝေမှု၌ကား တစ်ပြားသားမျှ အလျှော့မပေးပေ။ စေတနာထား၍ပြသည်။ မေတ္တာထား၍ ပြုစုသည်။ ဝါသနာအရ ကြိုးပမ်းသည်။ ကလေးတွေကိုလည်း တွန်းတိုင်းရွေ့နေ၍ ဆရာ့ဘဝ ပီတိဖြစ်ခဲ့ရသည်။

ကျွန်တော် အခြေခံပညာအထက်တန်းပြန်ဖြေဖို့ ပြန်လည်ကြိုးစားခြင်းမှာ ကျက်ပြီးသားစာ၊ တွက်ပြီးသားပုစ္ဆာများကို ပြန်လည်နွှေးခြင်းမျှသာဖြစ်သည်။ အဓိကအားဖြင့် အင်္ဂလိပ်စာလေ့ကျင့်ခန်းလုပ်ခြင်း၊ လက်တွေ့ပထဝီလေ့ကျင့်ခြင်းနှင့် အစမ်းရှင်းတမ်း နှစ်ဖက်သွင်းစာရင်း ရေးဆွဲတွက်ချက်ခြင်းကို ဦးစားပေးဆောင်ရွက်သည်။ အပူတပြင်းဆိုတာမျိုး မဟုတ်ဘဲ လေးလေးနှင့်မှန်မှန် ကြိုးစားခြင်းသာဖြစ်ပေသည်။

နွေကူးကာလ ကျောင်းသား၊ ကျောင်းသူလေးတွေ အတန်းတင်စာမေးပွဲဖြေအပြီးတွင် ကလေးများ၏ အပျော်မျက်ဝန်းများကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ လမင်းတစ်ရာ သာနေခဲ့ပေသည်။

ဆယ်တန်း(အပြင်ဖြေ) ကျောင်းသား ကျွန်တော် ဒုတိယအကြိမ်မြောက် ဆယ်တန်းစာမေးပွဲကို ပြန်ဖြေဖြစ်ခဲ့လေပြီ။ ဖြေဖူးပြီး၊ အောင်ဖူးပြီးသားဖြစ်နေ၍ သိပ်ပြီးတော့ တုန်လှုပ်မှုလည်း မရှိတော့ပေ။ တည်တည်ငြိမ်ငြိမ်ပဲ ကျွန်တော် သွားဖြေလိုက်သည်။

■ ■ ■ ■ ■ ■ ■

**လမ်းလျှောက်ဈေးသည် ကျွန်တော်**

ကျွန်တော့်မှာ နွေကျောင်းပိတ်ချိန်ရောက်တိုင်း ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ဝင်ငွေတစ်ခုခုရရှိစေရန် ကြံဆလျက်ရှိသည်။ အသက်ရှင်ရပ်တည်နိုင်ဖို့၊ ရည်မှန်းချက်ခရီးကို ရောက်အောင်သွားဖို့ဆိုရာတွင် လူချည်း ထီးတည်း ရပ်တည်နေ၍ကား မရပေ။ ကိုယ်နှင့်ပတ်သက်သမျှသော အရာအားလုံးအတွက် အသုံးပြုရန်ငွေကြေးဆိုသည် မဖြစ်မနေ လိုအပ်လာပါ၏။ သို့ဖြစ်၍ ကျွန်တော်သည် ဘဝတစ်ခုရပ်တည်ရှင်သန်နိုင်ရေးအတွက် အမှန်တရားလမ်းကြောင်းပေါ် လျှောက်လှမ်းရင်း ဝင်ငွေရရှိမည့်နည်းလမ်းများကို အခြေအနေပေးလျှင်ပေးသလို ကြံဆောင်လေ့ရှိသည်။ ကျွန်တော် ဤသို့ပြုမူဆောင်ရွက်ခြင်းမှာ ပိုက်ဆံချမ်းသာလို၍ ကုန်ကူးခြင်း၊ စီးပွားရှာခြင်း မဟုတ်ပေ။ ကိုယ့်ရည်မှန်းချက်ခရီးပေါက်မြောက်ရေးအတွက် အထောက်အကူဖြစ်စေရန် ဝင်ငွေရှာခြင်းပင်ဖြစ်ပေသည်။

ကျွန်တော် ကျောင်းနေစဉ်ကပင် ကျောက်ဖြူမြို့တွင် ကိုဘမောင်ဆိုသူရှိသည်။ ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲတော်သူ ဘမောင်နှင့် နာမည်တူသဖြင့် ညီအစ်ကိုပြုထားကြသည်။ သူသည် ကျောက်ဖြူမြို့နယ် ဆင်ပုတ်နယ်ဘက်ကဖြစ်သည်ဟုသိရသည်။ ကျွန်တော်နှင့် ရင်းနှီးခင်မင်မိချိန်တွင် သူသည် ကျောက်ဖြူမြို့ဈေးအတွင်း ဆေးဆိုင်ကြီးဖွင့်ကာ ဈေးရောင်းလျက်ရှိသည်။ ကျွန်တော့်မှာ တစ်ခါ ကြုံဖူးဆုံဖူးလျှင် တစ်သက်လုံး ရင်းနှီးခင်မင်တတ်သော ဉာဉ်အလေ့အကျင့်ရှိသဖြင့် သူ့ကို ခင်မြဲတိုင်း ခင်နေမိသည်။

ဆက်လက်ဖော်ပြပါမည်။

---

## ရွှေသောင်ယံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ




ရွှေသောင်ယံ အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုး၍ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို အောက်တိုဘာလ ၂၃ ရက်က ကျင်းပသည်။

ရေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း(ရွှေသောင်ယံ) ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားရာယနေ့လူငယ် နောင်ဝယ်လူကြီးဟူသော စကားအတိုင်း ကျောင်းသား၊ ကျောင်းသူများသည် နောင်တစ်ချိန်တွင် နိုင်ငံ၏ အနာဂတ်တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် အကောင်းအဆိုးကို ပိုင်းခြားသိမြင်နိုင်ရန်၊ အသိပညာဗဟုသုတများရရှိစေရန်နှင့် လူတော်လူကောင်းများဖြစ်ကြစေရန် လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ Grade-9 ကျောင်းသူ မဇင်နှင်းဝေက လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade- 11 ကျောင်းသူ မလွန်းခက်ရတီက လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသူ မစန္ဒာထွေးက လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 ကျောင်းသား မောင်မြတ်မင်းသော်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ခေါင်းစဉ်အလိုက် သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီလွင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



**အဆို**

မဟာဂီတအခြေခံပညာ (၁၅-၂၀) (အမျိုးသမီး)အဆင့်တွင် မန္တလေးတိုင်းဒေသကြီးမှ ပထမဆုရ မမိုးမြင့်စံ "ဆီးနှင်းပြိုက်ကျ" (ကြိုး)သီချင်းဖြင့်ပါဝင်ယှဉ်ပြိုင်စဉ်။




**ဆိုင်းအဖွဲ့လိုက်အတီး**

ဝါသနာရှင်ပထမတန်းအဆင့် (အမျိုးသား)ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးအောင်ဆန်းမျိုး(ခ)အောင်ကျော်မျိုးနှင့်အဖွဲ့ ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် မြူးမြူးကြွကြွပါဝင်ယှဉ်ပြိုင်နေစဉ်။



**အက**

ဝါသနာရှင် ပထမတန်း အဆင့် (အမျိုးသား) အကပြိုင်ပွဲတွင် ပူးတွဲပထမဆုရ တနင်္သာရီတိုင်း ဒေသကြီးမှ ဦးအောင်ဇော်ထွေး(ခ)ဦးမိုးထက်အောင် စည်းဝါးနရီ ပိုင်ပိုင်နိုင်နိုင် ကပြယှဉ်ပြိုင်နေစဉ်။



**ဇာတ်တော်ကြီး**

မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်တွင် ပထမဆုရ မွန်ပြည်နယ်မှ မင်းနိုင်စိုးဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်တင်ဆက်နေစဉ်။




**ဒိုးပတ်**

ဝါသနာရှင်ပထမတန်းအဆင့် (အမျိုးသား)ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးပြည့်ဖြိုးမော်နှင့်အဖွဲ့ ပါဝင်ယှဉ်ပြိုင်နေစဉ်။



**ရုပ်စုံ**

ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်ပထမတန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ တော်ဝင်ရုပ်စုံသဘင် စင်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်တင်ဆက်နေစဉ်။



**အက**

ဝါသနာရှင် ပထမတန်း အဆင့် (အမျိုးသမီး) အကပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ ဒေါ်ကြူကြူဝင်း (ခ)အေးချမ်းငြိမ်း စည်းဝါးနရီ ပိုင်ပိုင်နိုင်နိုင် ကပြယှဉ်ပြိုင် နေစဉ်။

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



**အဆို**

မဟာဂီတ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)တွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ကေရီဗိုလ်ဗိုလ် "စိန်မြရုံခြယ်"(မွန်)သီချင်းဖြင့်ပါဝင်ယှဉ်ပြိုင်စဉ်။



**ဇာတ်တော်ကြီး**

မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်၌ ပူးတွဲပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ရွှေရန်ကုန်တိုင်းဇာတ်အလှသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။



**အက**

ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား) အကပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ထာဝရမျိုးလေး(ခ) မျိုးမင်းထွန်း ကပြယှဉ်ပြိုင်စဉ်။



**ရုပ်သေးကြိုးဆွဲ**

ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား) ရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်စွမ်းမင်းထက် ယှဉ်ပြိုင်စဉ်။




**ကွက်စိပ်**

ဝါသနာရှင် ပထမတန်းအဆင့် ကွက်စိပ်ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးမျိုးသက်(ခ) ဘိသိက်ဇော်လင်း "မဟာသုတသောမဇာတ်တော်"ဖြင့် ဟောပြောယှဉ်ပြိုင်စဉ်။




**အရေး**

ဝါသနာရှင် ပထမတန်းအဆင့် အရေးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးစိုးသီဟ "မြန်မာ့ရိုးရာ အမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။



**အတီး**

ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးချမ်းသာ "ထောင်ရောင်နေ" (သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# ထားဝယ်မြို့၌ (၁၁၂)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကြီးကျင်းပမည်



**ထားဝယ် အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုရားကြီးဝင်းအတွင်း၌ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် (၁၁၂)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကြီးကို ငါးရက်တိုင်တိုင် ရှေးထားဝယ်ရိုးရာအစဉ်အလာအတိုင်း ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

တန်ဆောင်တိုင်ပွဲတော်နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကြီးသည်ဒေသတွင်း အထင်ရှားဆုံးပွဲတော်တစ်ခုဖြစ်၍ ထားဝယ် မြို့ရှိ ဒေသခံများနှစ်စဉ် ပါဝင်ဆင်နွှဲလေ့ ရှိသည့် ပွဲတော်တစ်ခုလည်းဖြစ်သည်။

ထားဝယ်မြို့၏ ကျက်သရေဆောင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီလှည့်လည်အပူဇော်ခံပွဲကို ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှစ၍ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး နှစ်စဉ်သီတင်း ကျွတ်လဆန်း ၉ ရက်နေ့မှစ၍ မြို့ပေါ် ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဘုရားတစ်ဆူစီကိုကြိုတင် ပင့်ဆောင်ကြကာ သက်ဆိုင်ရာရပ်ကွက် နှင့်ကျေးရွာများ၏ အဓိကကျသည့်နေရာ များတွင် ကိန်းဝပ်စံပယ်တော်မူရန် ယာယီ မဏ္ဍပ်များဆောက်လုပ်ကာ အပူဇော်ခံ ထားရှိသည်။

ထားဝယ်မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများအတွင်းမှစေတနာရှင်များက မိမိဒေသအတွင်း ယာယီကိန်းဝပ်စံပယ် တော်မူသော ဗုဒ္ဓရုပ်ပွားတော်များအား နေအိမ်များသို့အလှည့်ကျပင့်ဆောင်၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ပဒေသာပင်နှင့် ရွှေသက်န်းများ ကပ်လှူပူဇော်ကြသည့် အစဉ်အလာများလည်းရှိသည်။

မိမိဒေသအတွင်း ကိန်းဝပ်စံပယ် တော်မူသော ဗုဒ္ဓရုပ်ပွားတော်များအား တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့တွင် ရွှေတောင်စားစေတီဘုရားကြီးဝင်းယာယီ ဂန္ဓကုဋိအဆောင်တော်သို့ ကိန်းဝပ်စံပယ် ရန် ရပ်ကွက်နှင့်ကျေးရွာများမှ မိမိတို့ ပင့်ဆောင်ထားကြသော နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓ ရုပ်ပွားတော်များကို ပြန်လည်ပို့ဆောင်ကြ ကာ ဘုရားကြီးဝင်းအတွင်း၌ နှစ်စဉ်တန် ဆောင်မုန်းလဆန်း ၁၁ ရက်နေ့မှ တန် ဆောင်မုန်းလပြည့်နေ့ အထိ (နိုဝင်ဘာလ ၁၁ ရက်မှ ၁၅ ရက်)အထိ တန်ဆောင်တိုင် ကာလတွင် ရဟန်းရှင်လူပြည်သူများ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များကို ပူဇော်ကန်တော့ရန် ယာယီစံကျောင်း တော်ဖြင့် ထားရှိပေးထားမည်ဖြစ်သည်။

ထို့နောက် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာလ ၁၄ ရက်) နံနက် ၇ နာရီမှစတင်၍ (၁၁၂)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်နှစ်ကျိပ်ရှစ်ဆူ လှည့်လည်ပူဇော်ပွဲကြီးကို ဘုရားကြီးဝင်း အတွင်းမှ ထားဝယ်မြို့အတွင်းသို့ စည်ကားသိုက်မြိုက်စွာ ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်းသိရ သည်။

ငွေဇင်ယော်(ထားဝယ်)

# မိတ္ထီလာမြို့နယ်၌ မိုးနေကြာ ၁၅၅၄ ဧက စိုက်ပျိုးပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ မြို့နယ်၌ မိုးနေကြာ ၁၅၅၄ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်တွင် မိုးနေကြာကို ဧက ၂၀၅၀ စိုက်ပျိုးသွားရန် သတ်မှတ် လျာထားပြီး ဇွန်လမှစတင်၍ စိုက်ပျိုး လျက်ရှိရာ ယနေ့အထိ မိုးနေကြာ ၁၅၅၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ နေကြာ စိုက်ပျိုးရာတွင်လည်း ရေဆင်း-၁ နေကြာ များကို စိုက်ပျိုးထားသည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် သတ်မှတ်လျာထားစိုက်ပျိုးဧက များပြည့်မီရေး တိုင်းဒေသကြီးအစီအစဉ် ဖြင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာ များမှ စိုက်ပျိုးရေးတောင်သူများအား တစ်ဧကလျှင် ၃ ကီလိုအိတ် တစ်အိတ် နှုန်းဖြင့် နေကြာစိုက်ဧက ၅၀ အတွက် ရေဆင်း -၁ နေကြာမျိုးစေ့ အိတ် ၅၀ ကို အခမဲ့ပေးအပ်ကြောင်း မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၆၀၂)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများ ပြန်လည်ပေးဆပ်

**ဖီးကုန်း အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ဖီးကုန်းမြို့နယ် ချောင်းနားကျေးရွာ၌ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြုပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေ များပြန်လည်ပေးဆပ်ခြင်းကို အောက်တို ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် အဆိုပါ ကျေးရွာ၌ ဆောင်ရွက်ကြောင်း သိရ သည်။

ရှေးဦးစွာ နတ်တလင်းခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုးနှင့်ဝန်ထမ်းများက ချောင်း နားကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာ တာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင် လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်း သူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေ ပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီ စေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ် ဝန်ပိုးများလျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Financial Payment စနစ်ကို အသုံးပြုရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားပြီး ဖီးကုန်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးပြည့်ဖြိုးအောင်ကစီမံကိန်းချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ချောင်းနားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦး တို့က ငွေကျပ် ၁၇ ဒသမ ၄၀ သန်း၊ မွေးမြူ ရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးတို့က ချေးငွေကျပ် ၁၂ ဒသမ ၆၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးက Mobile Financial Payment စနစ်အသုံးပြုပြီး မြန်မာနိုင်ငံသားများဘဏ်လီမိတက်ထံ သို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက်လည်ပတ်ရန်ပုံငွေကျပ်သန်း ၃၀ ကို ပြန်လည်ပေးဆပ်ကြောင်း သိရ သည်။

ချိုလေး

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက် အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပ နိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက် အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါ သည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိ နေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ် ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုး ဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင် နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံး များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦ များနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့် ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဆံပင်ကျွတ်၍ ဦးခေါင်းထိပ်ပြောင်ခြင်းအကြောင်း သိကောင်းစရာ

ပေါက်ပေါက်

ဆံပင်သည် နုပျိုခြင်းအတွက် အလွန်အရေးပါသော ရုပ်ဝတ္ထုတစ်ခုဖြစ်သည်။ အမျိုးသားများတွင် အမျိုးသမီးများကဲ့သို့ ဆံပင်မှာ အဓိကမကျသော်လည်း ဦးခေါင်းထိပ်ပြောင်ခြင်းကိုမူ လူတိုင်းမလိုလားသည်မှာ ဓမ္မတာဖြစ်သည်။ သုတေသီများ၏အဆိုအရ အရွယ်ရောက်ပြီးသူတစ်ဦးတွင် ဆံပင်ပေါင်း ပျမ်းမျှ သန်းနှင့်ချီ၍ရှိကြောင်းနှင့် တစ်နှစ်လျှင် ဆံပင် ၆ လက်မခန့်ရှည်ကြောင်း သိရသည်။

ဦးခေါင်းထိပ်ပြောင်ရခြင်းမှာ ဆံပင်အသစ်ဖြစ်စေသော ပင်မကလာပ်စည်းချို့ယွင်းချက်များကြောင့် တက်စတိုစတီရုန်းဟော်မုန်းမှ ဖြစ်ပေါ်လာသော Dihydrotestosterone (DHT) မြင့်မားလာခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ဆံလုံးသေးသော သက်လတ်ပိုင်းအမျိုးသားများတွင် အဖြစ်များသည်။ အမျိုးသားများ ထိပ်ပြောင်ခြင်းကို Male Pattern Baldness ဟုခေါ်ပြီး နဖူးတွင် အင်္ဂလိပ်အက္ခရာ M ပုံသဏ္ဌာန်အဖြစ် ချိုစောင်းနှစ်ဖက်မှ စတင်ထိပ်ပြောင်လာကာ တဖြည်းဖြည်း ငယ်ထိပ်တွင် ပြောင်သွားခြင်းဖြစ်သည်။ အမျိုးသမီးများ ထိပ်ပြောင်ခြင်းကို Female Pattern Baldness ဟုခေါ်ပြီး ငယ်ထိပ်မှ ဘဲဥပုံကွက်ကျွတ်ကာ ဦးရေပြားမြင်ရသည်အထိ ဆံပင်ပါးလွှာသွားခြင်းဖြစ်သည်။ ထိပ်ပြောင်ခြင်းကို လူများတွင်သာမက ချင်ပင်ဇီမျောက်ဝံများနှင့် Orangutans လက်မောင်းရှည်မျောက်ဝံများတွင်လည်း တွေ့ရသည်။

အမျိုးသားသဘာဝ ဆံပင်ကျွတ်ထိပ်ပြောင်ခြင်းပြဿနာသည် ကမ္ဘာတစ်ဝန်း အမျိုးသားပေါင်း ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ရင်ဆိုင်နေရသော ပြဿနာဖြစ်သည်။ အမျိုးသားများ ဆံပင်ကျွတ်ထိပ်ပြောင်မှုပြဿနာအတွက် အလားအလာရှိသော ကုထုံးတစ်မျိုးကို ဗြိတိန်နိုင်ငံရှိ ရှက်ဖီးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက တွေ့ရှိထားသည်။ ယင်းတို့တွေ့ရှိချက်အရ လူ့ခန္ဓာကိုယ်အတွင်း သဘာဝအလျောက် ပေါ်ထွက်တတ်သည့် သကြားဓာတ်တစ်မျိုးသည် အမွေးအမှင်များ ပြန်လည်ထွက်ပေါ်ရေးအတွက် စေ့ဆော်ပေးနိုင်ကြောင်း သိရသည်။ ယင်းစမ်းသပ်မှုများ၏ရလဒ်များအရ 2-deoxy-D-ribose (2dDR) ဟု အမည်ရှိသော သကြားဓာတ်သည် အမွေးကျွတ်နေသည့် ကြွက်များ၌ အမွေးအမှင်အသစ်များ ပြန်ထွက်လာရန်အတွက် စေ့ဆော်ပေးနိုင်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် 2dDR သကြားဓာတ်သည် အမျိုးသားသဘာဝ ဆံပင်ကျွတ်ထိပ်ပြောင်ခြင်းအတွက် ကုထုံးတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက မှန်းဆထားသည်။ ထို့ပြင် ပညာရှင်များ၏အဆိုအရ Janus Kinase (JAK) Inhibitors ဆေးက ဆံပင်ကျွတ်မှုကို ထိရောက်စွာကုသပေးနိုင်ကြောင်း သိရသည်။

**"ဦးခေါင်းထိပ်ပြောင်ရခြင်းမှာ ဆံပင်အသစ်ဖြစ်စေသော ပင်မကလာပ်စည်းချို့ယွင်းချက်များကြောင့် တက်စတိုစတီရုန်းဟော်မုန်းမှ ဖြစ်ပေါ်လာသော Dihydrotestosterone (DHT) မြင့်မားလာခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ဆံလုံးသေးသော သက်လတ်ပိုင်းအမျိုးသားများတွင် အဖြစ်များသည်။ အမျိုးသားများ ထိပ်ပြောင်ခြင်းကို Male Pattern Baldness ဟုခေါ်ပြီး နဖူးတွင် အင်္ဂလိပ်အက္ခရာ M ပုံသဏ္ဌာန်အဖြစ် ချိုစောင်းနှစ်ဖက်မှ စတင်ထိပ်ပြောင်လာကာ တဖြည်းဖြည်းငယ်ထိပ်တွင် ပြောင်သွားခြင်းဖြစ်သည်။ အမျိုးသမီးများ ထိပ်ပြောင်ခြင်းကို Female Pattern Baldness ဟုခေါ်ပြီး ငယ်ထိပ်မှဘဲဥပုံကွက်ကျွတ်ကာ ဦးရေပြားမြင်ရသည်အထိ ဆံပင်ပါးလွှာသွားခြင်းဖြစ်သည် . . ."**

## ဆံပင်ကျွတ်ထိပ်ပြောင်သူအများဆုံးနိုင်ငံ

ကမ္ဘာပေါ်၌ ဆံပင်ကျွတ်ထိပ်ပြောင်သူအများဆုံးနိုင်ငံ ၂၀ နိုင်ငံစာရင်းကို World Population Review အမည်ရှိ အမေရိကန်အခြေစိုက်အဖွဲ့အစည်းတစ်ရပ်က ဩဂုတ်လ ၁၄ ရက်တွင် ထုတ်ပြန်ထားချက်အရ ချက်နိုင်ငံက နံပါတ် (၁) နေရာ၌ ရပ်တည်လျက်ရှိကြောင်း၊ အဆိုပါနိုင်ငံ၏ ထိပ်ပြောင်သူနှုန်းသည် ၄၂ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ချက်လူဦးရေအများစုမှာ ကော်ကေးရှန်းအနွယ်ဝင်များဖြစ်ခြင်းကြောင့် ထိပ်ပြောင်နိုင်ခြေမှာ တခြားသူများထက် ပိုမြင့်မားကြောင်း သိရသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်ကလည်း သုတေသီတစ်စုပြုလုပ်ခဲ့သော လေ့လာချက်အရ ချက်နိုင်ငံလူဦးရေ၏ ၉၅ ရာခိုင်နှုန်းမှာ ဗီတာမင်ဒီချို့တဲ့သူများဖြစ်ကြောင်းနှင့် ယင်းလူမျိုးတို့စားသုံးသည့်အစားအစာမှာ ဆံပင်ပေါက်နိုင်ရေးအတွက် လိုအပ်သည့်ဗီတာမင်နှင့် တွင်းထွက်ဓာတ်များနည်းပါးကြောင်း သိရသည်။

ချက်နိုင်ငံပြီးလျှင် ထိပ်ပြောင်သူ အများဆုံးနိုင်ငံမှာ ဂျာမနီ၊ ပြင်သစ်နှင့် စပိန်နိုင်ငံတို့ဖြစ်ကြပြီး အဆင့် (၂) မှ (၄) အထိ အစဉ်လိုက်ရပ်တည်နေကြောင်း၊ အမျိုးသားဦးရေ စုစုပေါင်း၏ ၃၉ ဒသမ ၂ ရာခိုင်နှုန်း ထိပ်ပြောင်မှုပြဿနာနှင့် ရင်ဆိုင်နေရသည့် ဗြိတိန်နိုင်ငံမှာ အဆင့် (၅) နေရာတွင် ရပ်တည်နေပြီး ထိပ်ပြောင်သူအမျိုးသား ၃၈ ရာခိုင်နှုန်းရှိသော အမေရိကန်ပြည်ထောင်စုမှာ အဆင့် (၈) နေရာတွင်ရပ်တည်နေကြောင်းနှင့် ထိပ်ပြောင်သူအများဆုံး ကမ္ဘာ့နိုင်ငံ ၂၀ နိုင်ငံကို လေ့လာရာတွင် ယင်းနိုင်ငံအားလုံး၌ အရွယ်ရောက်ပြီးသူ အမျိုးသားဦးရေ၏ လေးပုံတစ်ပုံမှာ ဆံပင်ကျွတ်ထိပ်ပြောင်နေသူများဖြစ်ကြောင်းတို့ကို World Population Review ၏အစီရင်ခံစာ၌ ဖော်ပြထားသည်။

## ဆံပင်ကျွတ်ထိပ်ပြောင်ခြင်းကို ဖြစ်စေတတ်သောအကြောင်းရင်း

မျိုးရိုးလိုက်ခြင်း၊ သိုင်းရွိုက် (ခေါ်) လည်ပင်းအကျိတ်ရောဂါ၊ အာဟာရချို့တဲ့၍သွေးအားနည်းခြင်း၊ Dermatitis သို့မဟုတ် psoriasis အရေပြားရောဂါများ၊ ဗီတာမင်အေအလွန်အကျွံများခြင်း၊ ဦးထုပ်၊ ဆံပင်တုများ တာရှည်ဝတ်ဆင်ထားခြင်း၊ အတွေးလွန်ကဲခြင်းနှင့် စိတ်ပူပန်ခြင်း၊ ဆေးလိပ်၊ အရက်အလွန်အကျွံသောက်ခြင်း၊ အသားဓာတ်၊ သံ၊ သွပ်၊ ကြေးနီဓာတ်များနှင့် ဗီတာမင်အေ၊ စီ၊ အီးတို့ချို့တဲ့ခြင်း၊ ဦးရေပြားသန့်ရှင်းမှုအားနည်းခြင်း၊ နေရောင်ခြည်ထိတွေ့မှုများခြင်း၊ မကြာခဏ ဆံပင်ပေါင်းတင်ခြင်း၊ ဆံပင်ဖြောင့်ခြင်းနှင့်ကောက်ခြင်း၊ ဆေးဆိုးရာတွင် ကျွမ်းကျင်မှုမရှိခြင်း သို့မဟုတ် ကြိမ်ဖန်များစွာဆေးသုံးပြီး ဦးရေပြားနှင့် ဓာတ်မတည့်ခြင်း၊ ရေမသန့်ခြင်း၊ ရေနွေးဖြင့် ခေါင်းလျှော်လေ့ရှိခြင်း၊ ဆံပင်မခြောက်မီ ခေါင်းဖြီးခြင်း၊ ချွေးထွက်အိတ်များတွင် အလုံးအကျိတ်ကင်ဆာဖြစ်ခြင်း၊ နှလုံးနှင့်သွေးတိုးရောဂါပျောက်ဆေး၊ စတီးရွိုက် မဟုတ်သော ဖောရောင်သက်သာဆေးဝါးများ၊ ဂေါက်ရောဂါဆေးများ၊ ကင်ဆာဆေးသွင်းခြင်း၊ သွေးကျဲဆေး၊ ဆီးချိုပျောက်ဆေး စသည့်ပဋိဇီဝဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများ၊ အထူးသဖြင့် အသက် ၄၅ နှစ်ဝန်းကျင်၌ ထိပ်ပြောင်သောအမျိုးသားများက သက်ကြီးပိုင်းရောက်သည့်အခါ ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုနှင့်ဆက်နွှယ်မှုရှိနေ၍ သတိပြုသင့်သည်။

## ဆံပင်ကျွတ်ထိပ်ပြောင်ခြင်း ကင်းဝေးစေရန် နည်းလမ်းကောင်းများ

ဦးရေပြားကို လက်ဖြင့်အသာအယာ နှိပ်နယ်ခြင်းသည် ဆံပင်ရင်းသို့ သွေးအသွားအလာများစေ၍ ဆံပင်သန်စွမ်းစေသည်။ ထို့ကြောင့် တရုတ်တိုင်းရင်းရိုးရာကုထုံးဖြင့် ဖြူသောဆံပင်များကို ပြန်နက်လာစေရန် ဦးခေါင်းအရှေ့နဖူးမှစ၍ လက်မနှစ်ချောင်းဖြင့် ဦးခေါင်းအလယ်နှင့် နောက်စေ့ရောက်သည်အထိ နှိပ်နယ်ပေးလေ့ရှိသည်။ ကော်ဘီးမသုံးဘဲ ဝါးဘီး၊ သစ်သားဘီး၊ သံဘီးတို့ကိုသာသုံးပါ။ Saw Palmetto (ခေါ်) မြောက်အမေရိကတိုက်ရှိ အပင်ပုဆီအုန်းတစ်မျိုးမှရရှိသောဆီသည် အကောင်းဆုံးသဘာဝဆီအဖြစ် ထိပ်ပြောင်ခြင်းကို သက်သာစေသည်။ အမေရိကန်ရှိ အသိအမှတ်ပြုဆေးတစ်မျိုးမှာ minoxidil လိမ်းဆေးဖြစ်ပြီး ဦးရေပြားသွေးလည်ပတ်မှုကောင်းစေကာ ထိပ်ပြောင်သူများ ဆံပင်ပြန်ထွက်လာစေသည်။ နေ့စဉ်ခေါင်းလျှော်ခြင်းသည် ဦးရေပြား အဆီကုန်ခန်းစေတတ်သဖြင့် ရက်သတ္တပတ်လျှင် အများဆုံးနှစ်ကြိမ်သာ ခေါင်းလျှော်သင့်သည်။ မိမိနှင့်သင့်လျော်သည့် ခေါင်းလျှော်ရည်ကိုသာ ရွေးချယ်သုံးစွဲပြီး ခေါင်းကို ခေါင်းလျှော်ရည်ရနံ့ပျောက်သွားသည်အထိ ရေစင်စင်လောင်းပါ။ ယနေ့ကမ္ဘာတွင် စပါးပင်စိုက်သကဲ့သို့ ဆံပင်တစ်ချောင်းချင်းစီကို ဆံပင်များသောနေရာမှ ထိပ်ပြောင်သောနေရာသို့ ခွဲစိတ်ပြောင်းရွှေ့ပေးနိုင်ပြီဖြစ်သည်။

## အကောင်းဆုံးအစားအစာများ

ပြောင်းဆန်၊ ဆန်လုံးညို၊ ဆန်ကြမ်း၊ တိရစ္ဆာန်အသည်း၊ ကြက်ဥ၊ ဘဲဥအနှစ်၊ နွားနို့၊ တိုဟူး၊ ကြက်သွန်ဖြူ၊ ကြက်ဥအကာ၊ ချိစ်(ဒိန်ခဲ)၊ အစိမ်းရောင်အသီးအရွက်များ၊ ဂျုံ၊ မှို၊ ကြက်သား၊ ဝက်သား၊ ငါး၊ ရွှေဖရုံသီး၊ ရွှေဖရုံစေ့၊ ပဲအမျိုးမျိုး၊ ထောပတ်သီး၊ ဂျုံ၊ မုန်လာဥနီ၊ ဒိန်ချဉ်၊ ပဲပိစပ်၊ ရေညှိ၊ နှမ်းနက်၊ ပျားရည်၊ ပင်လယ်စာ၊ ဝက်မိုးခိုသား၊ ပဲပိစပ်၊ ထောပတ်ပဲ၊ အဆီမပါသောအမဲသား၊ ကမာကောင်၊ ကြက်ဆင်သား၊ နေကြာစေ့၊ ပဲနီကလေး၊ သစ်ကြားသီး၊ တူနာငါး၊ ဆယ်လ်မွန်ငါး၊ ငါးသလောက်ယောက်ဖ၊ ဂုန်လျှော်စေ့၊ ရှောက်သီး၊ သံပရာသီး၊ ဆလတ်ရွက်၊ အာလူးမီးကင်၊ ခရမ်းချဉ်သီး၊ မြေထောက်ပဲ စသည်တို့က ဦးရေပြားနှင့် ဆံသား ကျန်းမာရေးအတွက် အကောင်းဆုံးအစားအစာများဖြစ်ကြသည်။

## အကောင်းဆုံးဆေးမြီးတိုများ

ဆာလ်ဖာဓာတ်ကြွယ်ဝသော ကြက်သွန်နီသည် ကော်လာဂျင်ပရိုတိန်းများ ထုတ်လုပ်မှုအားကောင်းစေသဖြင့် မွေးညင်းပေါက်ပွင့်၍ သွေးလည်ပတ်မှုကောင်းမွန်စေကာ ဆံသားကိုသန်မာစေသည်။ ထို့ကြောင့် ထိပ်ပြောင်နေသူများ၊ နေရာကွက်၍ဆံပင်မပေါက်သူများနှင့် ဦးရေပြားမှိုစွဲ(ဗောက်ထ)သူများကို ကောင်းကျိုးပြုသည်။ ကြက်သွန်နီအရည်ကို မိနစ် ၄၀ ခန့် ဦးရေပြားတွင်လိမ်းထားပြီး ခေါင်းလျှော်ရည်ပျော့ပျော့နှင့်ဆေးကြောပေးခြင်းဖြင့် ထိပ်ပြောင်သူများ ဆံပင်ပေါက်နှုန်းမြန်ဆန်လာသည်ကိုတွေ့ရကြောင်း အီရတ်သုတေသီများက အကြံပြုထားသည်။ ငှက်ပျောတစ်ပင်၏ ပင်စည်တစ်ပေအမြင့်လောက်တွင် ဓားဖြင့်ခုတ်၍ စတီးဇွန်းကို မှောက်ခုံထည့်လိုက်ပါ။ စတီးဇွန်းတစ်လျှောက် တစ်စက်တစ်စက်ထွက်ကျလာသော ငှက်ပျောရည်များကို ဖန်ခွက် သို့မဟုတ် ပုလင်းဖြင့်ခံထားပြီး ငါးကျပ်သားခန့်ရလျှင် ဆံပင်မပေါက်သည့်နေရာအား အကြိမ်ကြိမ်ခြောက်တိုင်းလိမ်းပေးရပါမည်။ ထိုနည်းအတိုင်း အနည်းဆုံး ၁၀ ရက်ခန့် လိမ်းပေးပါက ထိပ်ပြောင်သောနေရာမှ ဆံပင်များ ပြန်၍ထွက်လာပါလိမ့်မည်။ တလည်းရွက်ကို ရေနှင့်ကြိတ်၍ သတ္တုရည်ကို တစ်နေ့နှစ်ကြိမ်လိမ်းပေးပါက ဆံပင်ကျွတ်ခြင်းပျောက်ကင်းစေသည်။ သံပရာစေ့ကို ရေနှင့်ကြိတ်ပြီး နေ့စဉ်လိမ်းပေးပါက ဆံပင်ပြန်ပေါက်လာစေသည်။ ခြေဖဝါးကို ဆားပွတ်နယ်ခြင်းကလည်း မျက်စိအမြင်အာရုံကောင်းစေရုံသာမက အခိုးပွင့်၍ ဆံပင်ကျွတ်ခြင်းနှင့် ထိပ်ပြောင်နေသူများကို ဆံပင်ပြန်ပေါက်စေသည်။

## ရှောင်ရန်အစားအစာများ

ကယ်လိုရီ အလွန်နည်းပါးသော အာဟာရမဖြစ်စေသည့်အစားအစာများ၊ အသင့်အစားအစာများ (ဥပမာ-ကော်ဖီမစ်၊ တီးမစ်၊ အသင့်စားခေါက်ဆွဲနှင့် ကြာဆံထုပ်များ)၊ ကြက်ဥအကာအရည်ကြည်ထဲတွင် biotin ဓာတ်ပါရှိသဖြင့် ကြက်ဥအကာအရည်ကြည်ကို အစိမ်းသောက်ပါက ဆံပင်ထိပ်ပြောင်စေနိုင်သည့်အတွက် ရှောင်ကြဉ်သင့်သည်။

အထက်ဖော်ပြပါ ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများကို လေ့လာပြီး ဆံပင်ထိပ်ပြောင်ခြင်းမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ရန် အကြံပြုရေးသားလိုက်ရပါသည်။

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်ပြသ




ကျောက်တလုံးကြီး အောက်တိုဘာ ၂၄
ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ ကျောင်းသားလူငယ်များနှင့် ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင် ပြသခြင်းကို အောက်တိုဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေး နံရံကပ်စာစောင်တွင် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ စာပေ၏တန်ဖိုး၊ အသိပညာတိုးတက်စေခြင်း၊ မှတ်ဖွယ်မှတ်ရာစာပေများ စသည်တို့ကို ထည့်သွင်းပြသထားကြောင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အထိမ်းအမှတ်နေ့များ၊ အသိပညာပေးအကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ ပိုမိုသိရှိစေရေး အသိပညာပေးလုပ်ငန်းများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၅)

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဆိုင်းဘုတ် စိုက်ထူပွဲကျင်းပ

အင်္ဂပူ အောက်တိုဘာ ၂၄
ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိဈေးများ၌ ပွင့်လင်းရာသီတွင် မီးလောင်မှု မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် အသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲကို အောက်တိုဘာလ ၂၄ ရက် နံနက်ပိုင်းတွင် မြို့မဈေး၌ကျင်းပသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးဦးရဲမင်းသိန်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးအောင်နှင့် ဝန်ထမ်းများပူးပေါင်း၍ မီးဘေးအန္တရာယ်ကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များဆုံးရှုံးမှု မရှိစေရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများအဆင်သင့်ထားရှိကြရန်၊ မိမိတို့ဈေးများတွင်အသုံးပြုသော လျှပ်စစ်မီးကြိုးများဟောင်းနွမ်းနေပါက အသစ်လဲလှယ်ရန်၊ အမှိုက်နှင့်လောင်စာများအား စနစ်တကျစွန့်ပစ်ရေးနှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာ



ပါက သက်ဆိုင်ရာမြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီအကြောင်းကြားရန် အသိပညာပေးဆောင်ရွက်ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်တာဝန်ရှိသူများသည် အင်္ဂပူမြို့ အမှတ် (၃) ရပ်ကွက်ရှိဟသာတ- ကြံခင်းကားလမ်းမဘေး၌ "မီးသားစုတိုင်း ပျော်ရွှင်ဖို့ မီးဘေးအန္တရာယ် ကာကွယ်စို့" အသိပညာပေးဆိုင်းဘုတ် စိုက်ထူပွဲသို့တက်ရောက်အားပေးပြီး ပြည်သူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်းသိရသည်။

မန်းကျော်(ပြန်/ဆက်)

# မြန်မာ့ရိုးရာတန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးနှင့် ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ပဲခူး အောက်တိုဘာ ၂၄
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ မြန်မာ့ရိုးရာတန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးနှင့် ဈေးရောင်းပွဲတော်အား နိုဝင်ဘာလ ၉ ရက်မှ ၁၇ ရက်အထိ ပဲခူးမြို့ရွှေမော်ဓောဘုရားလမ်းနှင့်ဘုရားအနောက်ဘက်မုခ်ရှိ ယာဉ်ရပ်နားကွင်း၌ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

တန်ဆောင်တိုင်ပွဲတော်ကြီးတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား(MSMEs) လုပ်ငန်းများ၊ စားသုံးကုန်နှင့် စိုက်ပျိုးရေး/မွေးမြူရေးထုတ်ကုန် တိုက်ရိုက်အရောင်းဆိုင်များ၊ နိုဝင်ဘာလ ၁၄ ရက် ညပိုင်းတွင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော် ရင်ပြင်တော်၌ မသိုးသင်္ကန်းရက်လုပ်ခြင်း၊ နိုဝင်ဘာလ ၁၅ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီရင်ပြင်တော်ရှိ မြတ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မသိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဘုရားစေတီများတွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ရွှေမော်ဓောဘုရားလမ်းတွင် စင်တင်ဖျော်ဖြေမှုများ၊ ဖျော်ဖြေရေးယာဉ်များဖြင့် မြို့တွင်းလှည့်လည်ဖျော်ဖြေမှုများ၊ နိုဝင်ဘာလ ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ညတိုင်တိုင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ယာဉ်ရပ်နားကွင်း၌ နိုင်ငံကျော်အနုပညာရှင်များက ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ထို့ပြင် ညမီးကြီး၊ စိန်နားပန်နှင့် အလှရုပ်များအပါအဝင် မီးပုံးပျံများလွှတ်တင်ခြင်း၊ မီးရှူး၊ မီးပန်းများပစ်ဖောက်ခြင်း၊ နိုဝင်ဘာလ ၁၅ ရက် (တန်ဆောင်မုန်းလပြည့်နေ့)နံနက်ပိုင်းမှစတင်၍ ဗုဒ္ဓအသံမှဗိမာန်ရှေ့မဏ္ဍပ်၌ ပွဲတော်လာပရိသတ်များအား မြို့မိမြို့ဖများက စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်းသိရသည်။

(၄၁၀)

# သိထားကြလေ အိုမိတ်ဆွေ

❖ ချစ်တဲ့သူငယ်လေ
တကယ်ကိုကောင်း ဖော်အပေါင်းတို့ရေ။

❖ မြရည်စိမ်းလဲ့၊ တောနဲ့တောင်စွယ်...
ပြည်လုံးမိုးလို့၊ တန်ဖိုးကြွယ်သည်
လွန်ဖွယ်ပေါ်ခဲ့ တို့ရဲ့နိုင်ငံပါတော်။

❖ စိမ့်မြိုင်တောထက်၊ သစ်ယှက်အုပ်ကာ...
မျှစ်ပေါ်များလို့၊ ပင်ဝါးဖြာသည်
သာယာလွန်းတဲ့၊ တို့ရဲ့နိုင်ငံပါတော်။

❖ ကြီးနိုင်ငယ်ညှဉ်း၊ တောတွင်းတိုက်ခိုက်...
မြိုင်သားရဲတို့၊ အမဲလိုက်သည်
စရိုက်မင်းမဲ့၊ တောရဲ့အစဉ်လာပါတော်။

❖ ဟိုစဉ်အတိတ်၊ အရိပ်ပြန်သီ...
ပင်လုံးတုတ်တုတ်၊ တောအုပ်ညီသည်
ရာသီ ကောင်းလှ၊ ရကြပါရဲ့တော်။

❖ သစ်ရာ ကျွန်းသစ်၊ ထွန်းဖြစ်လှိုင်ကြွ...
မှန်မှန်စွေဖြိုး၊ မိုးရေရလို့
စိုက်ကြစပါး၊ အများကောင်းရဲ့တော်။

❖ သစ်တောထူတော့၊ အပူသက်သာ...
မြရိပ်သွင်းလို့၊ နေပြင်းကာသည်
နေသာထိုင်သာ ရှိပါလေရဲ့တော်။

❖ လေတိုက်တဲ့ဒဏ်၊ ကြံ့ကြံ့ခံထား...
မာခြင်းခိုင်ခိုင်၊ သံတိုင်လားသို့
များပြားကောင်းကျိုး တန်ဖိုးရှိပါရဲ့တော်။

❖ လူတို့အသက်ရှင်၊ အောက်ဆီဂျင်တွေ...
သစ်တောလေးက၊ ထုတ်ပေးနေသည်
သည်မြေကမ္ဘာဝယ်၊ ပေါ်ကြွယ်နေပါရဲ့တော်။

❖ စိမ်းစိုယှက်နွှော၊ လွန်သာမောေ
သစ်တော သစ်ပင်၊ တို့ချစ်ခင်
သစ်လွင်စေငြား၊ ပြန်စိုက်ထား
တောများဝေဆာ၊ ပြည်မြန်မာ
ကြာပြီလှပ သာပေစွ။
ရာသီမျှတ လာနေကြ။

❖ အလိုလေ့အိုင်
တောတွေဟန်ပြီး၊ သစ်ပင်သန်ကာ
အမှန်ဆက်တွေး၊ မဝေးချိန်အလား
ပြုန်းမသွားအောင်၊ စိုက်ထားကြိုးပမ်း
စိတ်ထဲမှန်းပြီး၊ တောတန်းဆက်တည်
မြန်မာပြည်မှာ၊ ကြာရှည်မြိုင်သွား...
ချစ်မိတ်ဆွေရယ်၊ သစ်ဝေပွားဖို့
သိထားနိုင်လေး။ ။

ဝင်းကျော်ကျော်(ပျဉ်းမနား)

# ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

ကမ္ဘာ့မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် (Global Media and Information Literacy Week)အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဇေယျာသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ၊ ခေတ်ရှေ့ဆောင်ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ဝေဖန်သုံးသပ်ခွဲခြားသည့် ပညာပေးမှတ်တမ်းဗီဒီယိုများကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နှစ်စဉ်အောက်တိုဘာလ၏စတုတ္ထပတ်ကို ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုရက်သတ္တပတ်အဖြစ် UNESCOက ဦးဆောင်၍ ၂၀၁၂ ခုနှစ်ကတည်းက ကမ္ဘာတစ်ဝန်းကျင်းပလာခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၄ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုရက်သတ္တပတ်၏ဆောင်ပုဒ်သည် "The New Digital Frontiers of Information: Media and Information Literacy for Public Interest Information" "သတင်းအချက်အလက် ဒစ်ဂျစ်တယ်နယ်နိမိတ်အသစ်၊ ပြည်သူ့အကျိုးစီးပွားသတင်းအချက်အလက်အတွက် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု" ဖြစ်ပြီး အခမ်းအနားနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှုများကို အောက်တိုဘာလ ၂၄ ရက်နှင့် ၂၅ ရက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း လူငယ်များကို တန်ဖိုးထား၊ အလေးထားကြောင်း၊ လူငယ်ကဏ္ဍသည် အရေးကြီးသည့်အတွက် ခေတ်မီနည်းပညာများကို ကျွမ်းကျင်တတ်မြောက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အသိပညာပေး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးမည့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ကြီးကြပ်ဆရာ၊ ဆရာမများအား မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲကို "မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု အရေးပါပုံ" ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပရာ ဒေါက်တာတင်ဘုန်းကျော်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ဒေါက်တာကျော်ကျော်လင်း၊ စာရေးဆရာမ ဒေါ်သက်သက်နွယ်(သက်သက်နွယ်-ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ဝင့်ဝင့်အေး (တရားလွှတ်တော်ရှေ့နေ)တို့က Artificial Intelligence(AI) နည်းပညာဖြစ်ပေါ်လာပုံ၊ နည်းပညာ၏ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးနိုင်မှု၊ စိန်ခေါ်မှုများ၊ AI နည်းပညာနှင့် မီဒီယာဆက်စပ်မှု၊ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့စေသည့်လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာ၏ကောင်းကျိုး၊ ဆိုးကျိုး၊ ဆက်သွယ်ရေးဥပဒေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုအရေးပါပုံနှင့်စပ်လျဉ်း၍ အပြန်အလှန်မေးခွန်းများ မေးမြန်းဖြေကြားကြရာ ဆုရရှိသူများကို ဒုတိယဝန်ကြီးဦးရဲတင့်နှင့် ပါဝင်ဆွေးနွေးသည့် ဆရာ၊ ဆရာမများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးဦးရဲတင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ကြီးကြပ်ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်းသိရသည်။ (၅၀၀)

# ဂဟေဆက်သင်တန်းအမှတ်စဉ်(၄/၂၀၂၄)နှင့် လေအေးပေးစက် တပ်ဆင်/ပြုပြင်ခြင်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ






နေပြည်တော် အောက်တိုဘာ ၂၄

ဂဟေဆက်သင်တန်းအမှတ်စဉ်(၄/၂၀၂၄) နှင့် လေအေးပေးစက် တပ်ဆင်/ပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၃/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ အလုပ်သမားရေးရာဌာနများမှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ပြီး လုပ်သားဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံစက်မှုဇုန်ရှိ ASIA OPTICAL စက်ရုံသို့ရောက်ရှိပြီး စက်ရုံတွင်းလှည့်လည်ကြည့်ရှု၍ အလုပ်သမားများ လုပ်ငန်းခွင်အတွင်း အေးချမ်းစွာလုပ်ကိုင်နေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်၍ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအားတွေ့ဆုံကာ သွားရောက်မည့်နိုင်ငံများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများ၊ လုပ်ငန်းခွင်အတွင်း ဆောင်ရန်/ရှောင်ရန်အချက်များ သင်ကြားပို့ချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၅၀၀)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ပိတ်ပွဲအခမ်းအနားကျင်းပ



(၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံပိတ်ပွဲအခမ်းအနားတွင် (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ၏ ပူးတွဲကြေညာချက်အား လက်မှတ်ရေးထိုးကြစဉ်။



အာဆီယံရဲအဖွဲ့အထိမ်းအမှတ်ကမ္ပည်းပြားကို (၄၃)ကြိမ်မြောက်အာဆီယံရဲအဖွဲ့ညီလာခံအား အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ထိုင်းတော်ဝင်ရဲအဖွဲ့သို့ လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့်(၄၂)ကြိမ်မြောက် အာဆီယံ ရဲအဖွဲ့ညီလာခံကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်လျက်ရှိရာ ညီလာခံပိတ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၄ ရက်၊ ကြာသပတေးနေ့၊ ညနေ ၄ နာရီ ၁၅ မိနစ်မှ ၅ နာရီ ၅ မိနစ်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း စင်တာ-၁ (MICC-1)၊ ပတ္တမြားခန်းမ၌ ကျင်းပပြုလုပ်သည်။

ညီလာခံပိတ်ပွဲအခမ်းအနားသို့ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲချုပ်များ၊ အဆင့်မြင့်ရဲအရာရှိကြီးများ၊ ၎င်းတို့၏ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံနှင့်အဖွဲ့အစည်းများ (Dialogue Partners) ဖြစ်သည့် ရုရှား၊ သြစတြေးလျ၊ တရုတ်၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ လေ့လာဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Observers) ဖြစ်သည့် တီမောလက်စ်တီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညီလာခံပိတ်ပွဲအခမ်းအနားတွင် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ၏ ပူးတွဲကြေညာချက်အား လက်မှတ်ရေးထိုးခြင်း၊ အာဆီယံရဲအဖွဲ့အထိမ်းအမှတ်ကမ္ပည်းပြားကို (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းတော်ဝင် ရဲအဖွဲ့သို့ လွှဲပြောင်းပေးခြင်း၊ ထိုင်းတော်ဝင်ရဲအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ဝမ်းမြောက်ကြိုဆိုကြောင်း ပြောကြားခြင်းနှင့် ထိုင်းနိုင်ငံ၏သဘာဝအလှတရားများကို ဖော်ကျူးထားသည့် ဗီဒီယိုအားပြသခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က ညီလာခံအပိတ်မိန့်ခွန်းပြောကြားခြင်းတို့ဆောင်ရွက်ခဲ့ကြပြီး ညပိုင်းတွင် နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း စင်တာ-၁ (MICC-1)၊ ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံအား နေပြည်တော်တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်မှ ၂၄ ရက်အထိ အိမ်ရှင်အဖြစ် အောင်မြင်စွာလက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ညီလာခံကျင်းပစဉ်ကာလအတွင်း အောက်တိုဘာလ ၂၃ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လာအိုနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲအဖွဲ့တို့အကြား Bilateral Call ဖြင့် နှစ်ဖက်သီးခြားတွေ့ဆုံ၍ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် ဆွေးနွေးခြင်း၊ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ လက်ရှိအိမ်ရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ၂၀၂၅ ခုနှစ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ထိုင်းတော်ဝင်ရဲအဖွဲ့တို့အကြား ချစ်ကြည်ရေး ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပခြင်း၊ ဧည့်သည်တော်များ၏ ဇနီးများအတွက် နေပြည်တော်ပြည်ထောင်စုနယ်မြေရှိ အထင်ကရနေရာများသို့ လိုက်လံပို့ဆောင်သည့်အစီအစဉ်အဖြစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခြင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ အမျိုးသားပြတိုက်တို့အား သွားရောက်လေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများအား ကြည့်ရှုလေ့လာခြင်း၊ ဒုတိယအကြိမ် စုံညီအစည်းအဝေးကျင်းပခြင်းနှင့် ညီလာခံပိတ်ပွဲအခမ်းအနားပြီးစီးချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် (၄၂) ကြိမ်မြောက်အာဆီယံရဲအဖွဲ့ညီလာခံအား အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မြန်မာနှင့် တရုတ်(ဟောင်ကောင်)အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ ခြေစမ်းပွဲ ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၄

FIFA နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲ မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် တရုတ်(ဟောင်ကောင်)အမျိုးသမီးဘောလုံးအသင်းတို့၏ ဒုတိယပွဲစဉ်ကို အောက်တိုဘာလ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက်(Live)ထုတ်လွှင့်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

# နေပြည်တော်ကောင်စီနယ်မြေ Naypyitaw State Academy ပညာ့ရိပ်သာအိမ်ရာပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၄

နေပြည်တော်ကောင်စီနယ်မြေ Naypyitaw State Academy ပညာ့ရိပ်သာ အိမ်ရာတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော် ပညာ့ရိပ်သာအိမ်ရာဝင်းတည်ဆောက်မည့် နေရာ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ မင်္ဂလာအချိန်တွင် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့်ညွှန်ကြားရေးမှူးချုပ်များက Naypyitaw State Academy ပညာ့ရိပ်သာ အိမ်ရာတည်ဆောက်မည့်နေရာအသီးသီး၌ ရတနာပန္နက်ကိုစိုက်ထူပေးပြီး အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းပေးသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် Naypyitaw State Academy ပညာ့ရိပ်သာအိမ်ရာတည်ဆောက်မည့် ပုံစံဒီဇိုင်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ





နေပြည်တော် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပလျက်ရှိသည့် (၄၆) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာလ ၂၂ ရက်မှ ၂၅ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ကျင်းပလျက်ရှိသည်။

အောက်တိုဘာလ ၂၄ ရက် နံနက် ၈ နာရီခွဲတွင်ကျင်းပသည့် (၄၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၌ (၄၅) ကြိမ်မြောက်အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည့် မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့်စားရေရိက္ခာဖူလုံရေးဝန်ကြီး H.E. Hon. Datuk Seri Haji Mohamad Bin Sabu နှင့် အိမ်ရှင်နိုင်ငံဖြစ်သည့်မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် မလေးရှားနိုင်ငံ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးဝန်ကြီးဌာန ဝန်ကြီးက မြန်မာနိုင်ငံစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ (၄၆)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ သဘာပတိတာဝန်များကိုလွှဲပြောင်းပေးအပ်သည်။

အစည်းအဝေး ပထမနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တီမောလက်စ်တေ နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးသစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အာဆီယံ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ အဓိကလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်၊ သီးနှံအကြွင်းအကျန်များ မီးရှို့ရှင်းလင်းခြင်း လျှော့ချနိုင်ရေးဆိုင်ရာ အာဆီယံလမ်းညွှန်ချက်များ၊ အန္တရာယ်ဖြစ်စေနိုင်မည့်စိုက်ပျိုးရေးဆိုင်ရာ ဓာတုပစ္စည်းများအသုံးပြုခြင်းအား လျှော့ချနိုင်မည့်လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုလျော့နည်းစေရေး သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်းများ၊ အပြာရောင် အဏ္ဏဝါစီးပွားရေးစနစ်ဖော်ဆောင်ရေးလုပ်ငန်းများ၊ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုနိုင်ရေးနှင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံအသီးသီးမှ ဝန်ကြီးများက အာဆီယံ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်တွင် ပါဝင်သောလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံစားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ အဓိကလုပ်ငန်းစဉ်(၁၆)ခု၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့စဉ်ကာလအတွင်းဆောင်ရွက်ခဲ့သည့်စီးပွားရေးနှင့် သက်ဆိုင်ရာဦးစားပေးလုပ်ငန်းစဉ်(၂)ခုနှင့် မလေးရှားနိုင်ငံမှဆောင်ရွက်မည့် စီးပွားရေးနှင့် သက်ဆိုင်ရာဦးစားပေးလုပ်ငန်းစဉ်(၁)ခုတို့ကို အတည်ပြုခြင်း၊ လုပ်ငန်းရပ်(၁၁)ခုကို မှတ်တမ်းတင်ခဲ့ခြင်းနှင့် အာဆီယံအသိုက်အဝန်း(၂၀၄၅)၏ မျှော်မှန်းချက်နှင့်ကိုက်ညီမှုရှိသည့် အာဆီယံစိုက်ပျိုးရေး၊ စားရေရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်(၂၀၂၆-၂၀၃၀) ရေးဆွဲရာတွင် ထည့်သွင်းရမည့် အဓိကလုပ်ငန်းစဉ်များနှင့် လုပ်ငန်းရပ်များအပေါ် လမ်းညွှန်မှုပြုခဲ့ကြသည်။

ထို့ပြင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ဆောင်ရွက်စဉ်ကာလအတွင်း "အာဆီယံနိုင်ငံများတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရန် သီးနှံအကြွင်းအကျန်များဆိုင်ရာအချက်အလက်များအပေါ် လေ့လာဆန်းစစ်၍ ဇီဝမီးသွေးထုတ်လုပ်နိုင်ရေးစီမံကိန်း"ကို အဆိုပြုခဲ့သည်။ အစည်းအဝေးတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သော ERIAI, CropLife Asia , US-ASEAN Business Council , EU-ASEAN Business Council တို့မှလည်း ပါဝင်ဆွေးနွေးခဲ့ကြပြီး (၄၆) ကြိမ်မြောက်အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကိုလည်း အတည်ပြုခဲ့ကြသည်။

ဝန်ကြီးများအစည်းအဝေးများမတိုင်မီ ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးများဖြစ်သည့် (၄၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးအတွက် အဆင့်မြင့်အရာရှိများအစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံအပေါင်းသုံးနိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများအစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံ-အိန္ဒိယလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်သည့် အဆင့်မြင့်အရာရှိများအစည်းအဝေးများကို အောက်တိုဘာလ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိဖြစ်သူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက အစည်းအဝေးများ၏ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အာဆီယံ အပေါင်းသုံးနိုင်ငံ အစည်းအဝေးများနှင့် အာဆီယံအပေါင်း အိန္ဒိယ အစည်းအဝေးများကို အောက်တိုဘာလ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်ကို ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ အကြား အစဉ်အလာ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ခိုင်မာရေးနှင့် နှစ်နိုင်ငံ အပြန်အလှန်အကျိုးရှိမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်သွားနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# လျှပ်စစ်ဝန်ဆောင်မှုကောင်းစေဖို့ဆိုသည်မှာ

မောင်မောင်စွယ်စုံထွန်း


အဆင့်မြင့်နည်းပညာခေတ်သို့ရောက်ရှိနေသဖြင့် အချို့နိုင်ငံများတွင် ဝန်ဆောင်မှုကို စက်ရုပ်များဖြင့် ဆောင်ရွက်နိုင်နေပြီဖြစ်သော်လည်း လူ့စွမ်းအားသည် အဓိကကျနေဆဲဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်မူ နိုင်ငံတည်ဆောက်ရေးအပါအဝင် အစိုးရ၏လုပ်ငန်းများကို လူသားများဖြင့်သာအဓိကထားဆောင်ရွက်နေကြရသည်။ နိုင်ငံအတွက်၊ ပြည်သူအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အဦများကို ဖြိုဖျက်ရန် လွယ်ကူသော်လည်း တည်ဆောက်ရန်ခဲယဉ်းသည်။ ဖြိုဖျက်ရန် မိနစ်ပိုင်းသာလိုသော်လည်း တည်ဆောက်ရန် ရက်၊ လ၊ နှစ်များစွာ ဆောင်ရွက်ကြရသည်။ နေရာဒေသ၊ နယ်ပယ်၊ လုပ်ငန်းသဘာဝအမျိုးမျိုးကွဲပြားနေသော်လည်း ဝန်ထမ်းများသည် နိုင်ငံအတွက်၊ ပြည်သူ့အတွက် လိုအပ်သောလုပ်ငန်းများကို ကဏ္ဍအသီးသီးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေကြသူများသာဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူတစ်ရပ်လုံးကို အလုပ်အကျွေးပြုကြရသူများသာဖြစ်သည်။ ဝန်ထမ်းဦးရေသည် မြန်မာနိုင်ငံလူဦးရေ၏ ရာခိုင်နှုန်းအနည်းငယ်သာရှိပြီး ရာခိုင်နှုန်းများစွာသော ပြည်သူများကို ဝန်ဆောင်မှုပေးနေကြရသဖြင့် အားနည်းချက်များ အနည်းနှင့်အများရှိနိုင်သည်။ သို့ဖြစ်၍ အရပ်ဘက်အဖွဲ့အစည်းများကလည်း နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုပေးရေးလုပ်ငန်းများတွင် ပြည်သူ့အတွက် အကျိုးထိရောက်မှုများ ပိုမိုများပြားမြန်ဆန်ရေးကို နှိုးဆော်ဆောင်ရွက်လာကြသကဲ့သို့ သတင်းနည်းပညာများကလည်း ဝန်ဆောင်မှုပေးရေးလုပ်ငန်းများ၏ အရည်အသွေးတိုးတက်ရေးကို တွန်းအားပေးလျက်ရှိသည်။ ယင်းသို့သော အခြေအနေများတွင် ဝန်ထမ်းများ၏ ဝန်ဆောင်မှုပေးရေးစနစ်များသည် သမားရိုးကျအတိုင်းရပ်တည်မနေနိုင်တော့ဘဲ အယူအဆအသစ်များ၊ လုပ်နည်းလုပ်ဟန်အသစ်များဖြင့် ပြောင်းလဲဆောင်ရွက်ရန် လိုအပ်လာသည်။

၂၁ ရာစုတွင် ထိရောက်သော ပြည်သူ့ဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေဖို့ အစိုးရယန္တရားအား NPM (New Public Management) ဟုခေါ်သော ပြည်သူ့ရေးရာစီမံဆောင်ရွက်မှု နည်းလမ်းအသစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ အဆိုပါနည်းလမ်းမှာ နိုင်ငံ့ဝန်ထမ်းများက ဝန်ဆောင်မှုပေးရာတွင် ပြည်သူကိုဗဟိုပြု၍ လုပ်ငန်းများဆောင်ရွက်ရန်ဖြစ်သည်။ ပြည်သူများ၏လိုလားချက်နှင့် အကျိုးစီးပွားများကို အချိန်နှင့်တစ်ပြေးညီ သိရှိဆောင်ရွက်ပေးနိုင်ရေးကို ဦးတည်၍ နိုင်ငံ့ဝန်ထမ်းများက အမြဲအသင့်ဖြစ်နေစေရန်၊ ဝန်ဆောင်မှုလုပ်ငန်းတွင် သက်ဆိုင်သူအားလုံးပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်တာဝန်သိခြင်း၊ တာဝန်ခံခြင်း၊ တီထွင်ကြံဆလုပ်ကိုင်တတ်ခြင်း၊ စိတ်အားထက်သန်ခြင်း စသည့် အရည်အသွေးများဖြင့် ပြည်သူအား ထိရောက်စွာဝန်ဆောင်မှုပေးနိုင်ရမည်ဟူသော အယူအဆသစ်တစ်ခုဖြစ်ပေါ်လာခဲ့သည်။

အဆိုပါ ဝန်ဆောင်မှုနည်းအသစ်သည် ပြည်သူကို စားသုံးသူအဖြစ်ရှုမြင်ပြီး ဝန်ဆောင်မှုရလဒ်ကို အဓိကထားသောနည်းလမ်းဖြစ်သည်။ ဝန်ဆောင်မှုရလဒ်ကောင်းလာသည်ဟုဆိုနိုင်သော်လည်း စီးပွားရေးဆန်လာသည်ဟု ဝေဖန်သူများကလည်းဝေဖန်ခဲ့ကြသည်။ ပြည်သူကို ဝန်ဆောင်မှုကောင်းကောင်းပို့ပေးနိုင်ရန်ပြည်သူများကလည်းစီးပွားရေးဆန်ဆန်ရှုမြင်တတ်ကြရန်လိုအပ်သည်။ ပြည်သူများမှ မိမိတို့ဘက်မှပါဝင်မှုမရှိဘဲ နိုင်ငံတော်ဘက်မှချည်း မျှော်လင့်နေခြင်းသည် မှန်ကန်သည်ဟုယူဆနိုင်မည် မဟုတ်ပေ။ ထိရောက်သော ပြည်သူ့ဝန်ဆောင်မှု ဖြစ်စေဖို့ ပြည်သူများကလည်း ငွေကြေးအင်အား၊ လူအင်အား၊ ပစ္စည်းအင်အား စသည်ဖြင့် ပူးပေါင်းပါဝင်လာမှသာ ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်သည်။

ဝန်ထမ်းများ၏စိတ်ထဲတွင် ပြည်သူသာလျှင်အဓိကဟူသော စိတ်ဓာတ်ရှိလာရန်မှာ ပြည်သူကမိမိတို့တတ်နိုင်သည့်ဘက်မှ ပူးပေါင်းကူညီဆောင်ရွက်ကြမှသာဖြစ်လာနိုင်မည်။ သို့မှသာပြည်သူကိုဦးထိပ်ထား၍



ဆောင်ရွက်လာကြမည်ဖြစ်သည်။ သက်ဆိုင်ရာဝန်ထမ်းများအပေါ် ရန်သူသဖွယ် ဆက်ဆံပြောဆိုနေခြင်းထက် အဆိုပါဝန်ထမ်းများသည်လည်း ပြည်သူထဲကပြည်သူသာလျှင်ဖြစ်သည်ဟူသော စိတ်မျိုးထားရှိရန်လိုအပ်သည်။ မြန်မာ့ယဉ်ကျေးမှုတွင် တစ်ဦးကစေတနာ တစ်ဦးကမေတ္တာဟု ပြောဆိုခဲ့ကြသည်။ အပြန်အလှန်မေတ္တာစေတနာရှိကြမှသာလျှင် ပြည်သူကသာ အဓိကစိတ်ထားသည် ဖြစ်ပေါ်လာနိုင်သည်။ တစ်နည်းအားဖြင့် နည်းနည်းပေးပြီး များများမျှော်လင့်နေ၍တော့ရနိုင်မည်မဟုတ်ပါ။

၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တစ်ခုတွင် နေအိမ်တစ်ခုမှ လျှပ်စစ်မီးမရကြောင်း တိုင်ကြားသဖြင့် မြို့နယ်ရုံးမှ တာဝန်ကျဝန်ထမ်းလေးမှသွားရောက်စစ်ဆေးရာ အိမ်တွင်းဆားဗစ်ကြိုး (မီတာအသုံးပြုသောကြိုး) မရှိတော့ကြောင်း တွေ့ရသဖြင့် တိုင်ကြားသူဟုယူဆ၍ရှင်းပြနေစဉ် အထပ်မြင့်တိုက်ခန်းများဖြစ်၍ ကျန်အခန်းများမှ လူများကအထင်လွဲပြီး အဆိုပါဝန်ထမ်းအား နင်တို့ခိုးတာ..သူခိုးတွေ..လို့ပြောပြီး ဝိုင်းရိုက်ခဲ့သည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်ကဲ့သို့ သွားရောက်တာဝန်ထမ်းဆောင်သည့် လျှပ်စစ်ဝန်ထမ်းများအပေါ် အန္တရာယ်ပြုခံရခြင်းများ နေရာဒေသအချို့တွင် ဖြစ်ပွားခဲ့ပြီးလည်းဖြစ်သည်။

လျှပ်စစ်ဆိုသည်မှာ ၂၄ နာရီလည်ပတ်နေရသော ယန္တရားကြီးတစ်ခုဖြစ်ပြီး အဆိုပါယန္တရားကြီး လည်ပတ်ဖို့ Auto နှင့် Manual နှစ်မျိုးစလုံးနဲ့ မောင်းနှင်ထိန်းကျောင်းနေရခြင်းဖြစ်သည်။ Manual ဆိုသည့်အပိုင်းတွင် ပင်မဓာတ်အားခွဲရုံကြီးများ Operation ပြုလုပ်ခြင်းသာမက အိမ်သုံးဆားဗစ်ကြိုးလွတ်နေသဖြင့် ပြန်ချိတ်ခြင်းအထိ ပါဝင်သည်။ လျှပ်စစ်လုပ်ငန်းစဉ်ကြီးများမှာ နေ့မရှိ၊ ညမရှိ လူအချိန်းအပြောင်း Shift နှင့် ဆောင်ရွက်နေကြရခြင်းဖြစ်သည်။

လျှပ်စစ်ဌာနဆိုသည်မှာ ပြည်သူများဓာတ်အားရရှိစေရန်ကိုသာ ဆောင်ရွက်ပေးနေရသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့်အားလျော်စွာအန္တရာယ်ပြုခံရခြင်းများရှိစေကာမူ မဖြစ်မနေတာဝန်ထမ်းဆောင်နေကြရသည်။ နယ်မြေအခြေအနေအရ ညဘက်အချိန်များတွင် အပြစ်တစ်စုံတစ်ခုကြောင့် မီးပြတ်ခြင်းအား ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိတာများလည်းရှိသည်။ သို့သော် ဓာတ်အားပြတ်ဧရိယာများခြင်း၊ ဆေးရုံနှင့် အခြားအရေးကြီးဧရိယာများပါဝင်နေခြင်း၊ လျှပ်စစ်အန္တရာယ်ရှိစေနိုင်ခြင်းများရှိပါက လုံခြုံရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ အချိန်အခါမရွေးဆောင်ရွက်ပေးကြသည်။ ထို့ပြင် မီးသုံးသူများ၏အခက်အခဲကို စာနာခြင်းအားဖြင့်လည်းကောင်း၊ နယ်မြေအခြေအနေအရ လုံခြုံစိတ်ချရသည်ဟုယူဆရ၍လည်းကောင်း၊ ကန့်သတ်ချိန်ကာလမရောက်မီဖြစ်၍လည်းကောင်း လိုအပ်ပါကညအချိန် မီးပျက်ပြုပြင်ခြင်းများကို ဆောင်ရွက်ပေးနေကြသည်။ သို့ပါ၍ ပြည်သူများ ဓာတ်အားရရှိစေရန်ဆောင်ရွက်ပေးနေကြသည့် လျှပ်စစ်ဝန်ထမ်းများအား နားလည်မှုပေးကာ ပါဝင်ပူးပေါင်းပေးကြဖို့လေးနက်စွာမေတ္တာရပ်ခံလိုပါသည်။

အဖွဲ့အစည်းတစ်ရပ်အောင်မြင်မှုရရှိဖို့ဆိုသည်မှာ အဆိုပါအဖွဲ့အစည်းတွင် တာဝန်ယူဆောင်ရွက်နေကြသော တာဝန်ရှိသူတို့က သက်ဆိုင်ရာပြည်သူအပေါ် အခွင့်အလမ်းမည်မျှပုံဖော်ပေးနိုင်မည်ဆိုသည်ကသာ အဆိုပါအဖွဲ့အစည်း၏စံဖြစ်သည်။ အဆိုပါအဖွဲ့အစည်းအပေါ် ပြည်သူတို့ ယုံကြည်အားထားမှုစံနှုန်းမြင့်မားလာရန်မှာ အဆိုပါအဖွဲ့အစည်းတွင်ပါဝင်သူတစ်ဦးတစ်ယောက်စီ၏ စိတ်နေသဘောထားအမြင်များနှင့် လုံးဝဆက်စပ်လျက်ရှိပေသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်အား ပြည်သူကို ထိရောက်သော ဝန်ဆောင်မှုပေးနိုင်ရေးအတွက် အောက်ပါအတိုင်း ပြုပြင်ပြောင်းလဲဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်-

(၁) ဓာတ်အားခွဲရုံများတွင် Neutral Grounding Resistor(NGR)များအား တပ်ဆင်အသုံးပြုခြင်း၊

(၂) Capacitor Bank များ တပ်ဆင်အသုံးပြုခြင်း၊

(၃) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလိုင်းတည်ဆောက်ရာတွင် အမြင့်ဆုံးအသုံးပြုလာနိုင်မည့်ဝန်အားကိုမျှော်မှန်း၍ သုံးစွဲမည့်ကြိုး ACSR သို့မဟုတ် SAC ကို ရွေးချယ်အသုံးပြုခြင်း၊

(၄) Multi Transformer စနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်သည့် ၂၀၀ ကေဗွီအေထရန်စဖော်မာများအား အရေအတွက်တိုးမြှင့်အစားထိုးတပ်ဆင်ခြင်း၊

(၅) Energy – Saving Devices များ အစားထိုးအသုံးပြုခြင်း၊

(၆) Geographic Information System (GIS) စနစ်နှင့် Advanced Metering Infrastructure(AMI) စနစ်သုံးစွဲဆောင်ရွက်ခြင်း၊

(၇) ဓာတ်အားခရငွေနှင့် ဝန်ဆောင်မှုဆိုင်ရာငွေစာရင်းလုပ်ငန်းများ လွယ်ကူလျင်မြန်စေသည့် Myanmar Electric Bill (MEBill) Software စနစ်အသုံးပြုခြင်း၊

(၈) Online Payment ဖြင့် ဓာတ်အားခကောက်ခံဆောင်ရွက်ခြင်း။

**မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားစနစ်အား ပြည်သူကိုဝန်ဆောင်မှုပေးရာတွင် ဌာနနှင့်ပြည်သူအမြဲကြည်ဖြူပြီး ထိရောက်သော ဝန်ဆောင်မှုများဖြင့် ပြည်သူ၏ယုံကြည်ကိုးစားမှုကို ရရှိနိုင်စေရန်အလို့ငှာ ပြည်သူကိုသာမျက်နှာမူ၍ ဆောင်ရွက်ပေးနိုင်စေရန် ကြိုးပမ်းလျက်ရှိသကဲ့သို့ ပြည်သူများမှလည်း ထိရောက်သောဝန်ဆောင်မှုများ ရရှိခံစားနိုင်ရေးအတွက် ဌာနနှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်မှသာလျှင် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်လိမ့်မည်ဖြစ်. . .**

နိဂုံးချုပ်ဖော်ပြလိုသည်မှာ မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားစနစ်အား ပြည်သူကိုဝန်ဆောင်မှုပေးရာတွင် ဌာနနှင့်ပြည်သူ အမြဲကြည်ဖြူပြီး ထိရောက်သောဝန်ဆောင်မှုများဖြင့် ပြည်သူ၏ယုံကြည်ကိုးစားမှုကို ရရှိနိုင်စေရန်အလို့ငှာ ပြည်သူကိုသာမျက်နှာမူ၍ ဆောင်ရွက်ပေးနိုင်စေရန်ကြိုးပမ်းလျက်ရှိသကဲ့သို့ ပြည်သူများမှလည်း ထိရောက်သောဝန်ဆောင်မှုများ ရရှိခံစားနိုင်ရေးအတွက် ဌာနနှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်မှသာလျှင် အောင်မြင်စွာအကောင်အထည် ဖော် ဆောင်ရွက်သွားနိုင်လိမ့်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

# ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်တွင်ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်



နေပြည်တော် အောက်တိုဘာ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၂၃ ရက်မှ ၂၅ ရက်အထိ ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ ကျင်းပလျက်ရှိသည့် (၁၂) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Disaster Management–AMMDM)နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လျက်ရှိသည်။

အောက်တိုဘာလ ၂၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည်နိုင်ငံအလိုက်အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အစည်းအဝေးဆိုင်ရာကိစ္စရပ်များ ကြိုတင်ညှိနှိုင်းဆွေးနွေးပြီး အိမ်ရှင် ဘရူနိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်သူ၊ အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးဥက္ကဋ္ဌ၊ H.E. Dato Seri Setia Awang Haji Ahmaddin bin Haji Abdul Rahman ကတည်ခင်းဧည့်ခံသော ညစာစားပွဲအခမ်းအနားသို့ အခြားသောအာဆီယံနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့်အတူတက်ရောက်ခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် အာဆီယံနေ့အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ်အခမ်းအနား ပထမပိုင်းအစီအစဉ်များသို့ တက်ရောက်သည်။ ယင်းနောက် "Building Resilient ASEAN through Inclusive and Sustainable Disaster Recovery" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ ဆက်လက်တက်ရောက်သည်။

အစည်းအဝေးတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများကို သက်ဆိုင်ရာနိုင်ငံအလိုက် ဝန်ကြီးများက ပြောကြားကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့အစည်းအဝေး၏ဆောင်ပုဒ်ဖြစ်သော "Building Resilient ASEAN through Inclusive and Sustainable Disaster Recovery" သည် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သောအာဆီယံဖြစ်လာစေရေးအတွက် လွန်စွာအရေးကြီးကြောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ညီမျှတအောင် ကြိုးပမ်းအားထုတ်နေရကြောင်း၊ တွေ့ကြုံလာရသောအဟန့်အတားမှန်သမျှကို တစ်နိုင်ငံချင်းစီအလိုက် တုံ့ပြန်ရန် အကန့်အသတ်များစွာရှိကြောင်း၊ ဒေသတွင်း နိုင်ငံအားလုံးပါဝင်သည့် တစ်ခုတည်းသောအာဆီယံ၊ တစ်ခုတည်းသော တုံ့ပြန်မှုဟူသည့် အာဆီယံ၏ ခိုင်မြဲသောဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒလမ်းစဉ်ဖြင့်သာ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော အာဆီယံအသိုက်အဝန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းပြောကြားသည်၊အာဆီယံနိုင်ငံများကလည်း သက်ဆိုင်ရာနိုင်ငံများအလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲဆောင်ရွက်နေမှုများကို ပြောကြားကြသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဌာန (AHA Centre) တို့က ၂၀၂၄ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံသဘောတူစာချုပ် အကောင်အထည်ဖော်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေရရှိသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဝန်ကြီးများက မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးကို ခေတ္တရပ်နား၍အာဆီယံနိုင်ငံများမှဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများသည် ဘရူနိုင်းနိုင်ငံ တော်ဝင်အိမ်ရှေ့မင်းသား အိမ်တော်သို့ သွားရောက်ကာ အိမ်ရှေ့မင်းသား HaJi Al–Muhtadee Billah ကို တွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအားကြိုဆို

ရန်ကုန် အောက်တိုဘာ ၂၄

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် အောင်ပွဲရ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်များသည် နေပြည်တော်မှ ရန်ကုန်မြို့သို့ ယနေ့နေ့လယ်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

အဆိုပါကြိုဆိုပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) တွင် ကျင်းပရာ ရှေးဦးစွာ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)တွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် Video Clip အား ပြသခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများအား ဂုဏ်ပြုငွေများပေးခဲ့သည်။

ထို့နောက် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများက ရွှေရောင်လွှမ်းခြုံ တိုင်းရန်ကုန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်ဦးဆောင်ပြီး ပြိုင်ပွဲဝင် ၂၅၈ ဦးဖြင့် နေပြည်တော်တွင်သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၆၅ ဆု၊ ငွေတံဆိပ် ၄၃ ဆု၊ ကြေးတံဆိပ် ၁၉ ဆု၊ ဂုဏ်ပြုဆု ၁ ဆု စုစုပေါင်း ၁၂၈ ဆုရရှိခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် အောက်တိုဘာ ၂၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် LEAPMOTOR T03 (STANDARD) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Unitrust Enterprise Group of Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR03 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် အောက်တိုဘာလ ၂၄ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၄-၁၀-၂၀၂၄

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

| | | | | |
|---|---|---|---|---|
| မန္တလေး (အောင်မြေသာစံမြို့နယ်) | ၄ | ဒသမ | ၆၁ | လက်မ |
| ကလေးဝ | ၃ | ဒသမ | ၀၇ | လက်မ |
| ဝမ်းတွင်း | ၂ | ဒသမ | ၃၁ | လက်မ |
| မော်လိုက် | ၂ | ဒသမ | ၂၈ | လက်မ |
| စစ်ကိုင်း | ၂ | ဒသမ | ၂၈ | လက်မ |
| ထီးလင်း | ၂ | ဒသမ | ၁၁ | လက်မ |
| မြင်းမူ | ၁ | ဒသမ | ၉၇ | လက်မ |





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့တက်ရောက်ခဲ့သည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

✯ ရှေ့ဖုံးမှအဆက်

လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ တက်ရောက်ခဲ့သည့် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးကို အဓိကတာဝန်ယူရသည့်အဖွဲ့အစည်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့်အရေးကြီးကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံအလိုက် ပူးပေါင်းတိုက်ဖျက်ရမည့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အတူတကွပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံအလိုက် ရဲတပ်ဖွဲ့ဝင်များအချင်းချင်း အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်း၊ လက်နက်ခဲယမ်းများမှောင်ခိုရောင်းချခြင်း၊ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်းဖြင့်ပြောကြားသည်။

**ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးကို အဓိကတာဝန်ယူရသည့်အဖွဲ့အစည်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ အခန်းကဏ္ဍသည် အလွန်ကျယ်ပြန့်အရေးကြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံအလိုက် ပူးပေါင်းတိုက်ဖျက်ရမည့် နယ်စပ်ဖြတ်ကျော်မှုခင်းများကို အတူတကွ ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ် . . .**

ထို့နောက်မြန်မာနိုင်ငံရဲချုပ်က အာဆီယံရဲအဖွဲ့ညီလာခံများ ကျင်းပပြုလုပ်ခဲ့မှု၊ ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၄၂)ကြိမ်မြောက်အာဆီယံရဲအဖွဲ့ညီလာခံကျင်းပခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့က နိုင်ငံအလိုက်တစ်ဦးချင်းမိတ်ဆက်ကြပြီး (၄၂)ကြိမ်မြောက်အာဆီယံရဲအဖွဲ့ ညီလာခံကျင်းပနေသည့်ကာလအတွင်း မြန်မာနိုင်ငံအနေဖြင့် ဧည့်ဝတ်ကျေပွန်စွာဖြင့် စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ အာဆီယံရဲအဖွဲ့ဝင် နိုင်ငံများအချင်းချင်း လေ့ကျင့်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းနယ်ပယ်များတွင် ပူးပေါင်းတားဆီးနှိမ်နင်းရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံး၊ အမှုဆောင်ဒါရိုက်တာတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ(၇၅)ဘဏ်မြောက် ပြည်ကြီးတံခွန်ဘဏ်ခွဲ ဖွင့်လှစ်




အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ(၇၅)ဘဏ်မြောက် ပြည်ကြီးတံခွန်ဘဏ်ခွဲအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့တော်ဝန်နှင့် အင်းဝဘဏ်လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၌ အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲဖြစ်သော ဘဏ်ခွဲ(၇၅)ဘဏ်မြောက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘဏ်ခွဲပရိဝုဏ်၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် အင်းဝဘဏ်လီမိတက်မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့တော်ဝန်နှင့် အင်းဝဘဏ်လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက အင်းဝဘဏ်လီမိတက်၊ ပြည်ကြီးတံခွန်ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဘဏ်ခွဲကမ္ပည်းမော်ကွန်းဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက်၊ ပြည်ကြီးတံခွန်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၇၅)ဘဏ်မြောက် ဘဏ်ခွဲဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၈ လမ်း (ရန်ကုန်-မန္တလေးကားလမ်း) ၁၁၅ လမ်းနှင့် ၁၁၇ လမ်းကြား ကွဲဆည်ကန်ရပ်တွင်တည်ရှိကာ အပ်ငွေများလက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order) များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ(Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်းစသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူများအကြားငွေကြေးဆိုင်ရာဝန်ဆောင်မှုများ အဆင်ပြေလွယ်ကူချောမွေ့စွာ လည်ပတ်နိုင်ရေး၊ ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့်အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၁ ရာခိုင်နှုန်းအထိ အတိုးနှုန်းများပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကာ ယခုဖွင့်လှစ်သည့် ပြည်ကြီးတံခွန်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၇၅)ဘဏ်မြောက် စိန်ရတုဘဏ်ခွဲဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

❖ အိန္ဒိယနိုင်ငံ၏ **"အိမ်နီးချင်းဦးစားပေးဝါဒ (Neighbourhood First Policy)" နှင့် "အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ(Act East Policy)"တို့၏ ဆုံမှတ်တွင်တည်ရှိနေသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သံခင်းတမန်ခင်းတွင် အင်ဒို-ပစိဖိတ်ဒေသတွင်း အဓိကကျသည့်အခန်းကဏ္ဍက ပါဝင်နေ . . .**

❖ **ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှဒေသတို့အကြား အချက်အချာကျသည့်နေရာတွင်တည်ရှိနေပြီး တောင်အာရှနှင့်အရှေ့တောင်အာရှကို ဆက်သွယ်ပေးခြင်းကြောင့် အိန္ဒိယနိုင်ငံအတွက် အရေးပါသည့်နိုင်ငံတစ်နိုင်ငံဖြစ် . . .**

❖ **အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများပူးပေါင်းဆောင်ရွက်မှု(South-South cooperation)ဆိုသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့်အင်အားစုဖြစ်သည်ဟု ရှုမြင် . . .**



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur က နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

❍ **ကျောဖုံးမှအဆက်**

ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူးများနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ အိန္ဒိယနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation) ITEC ဆိုင်ရာ Video Clip ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အိန္ဒိယနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation) ITEC ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ဦးစွာရှင်းလင်းပြောကြားပြီး ယခုကျင်းပသည့် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးခြင်းသည် မြန်မာနိုင်ငံ၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးတိုးတက်မှုတို့တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်းကို ဖော်ပြခြင်းပင်ဖြစ်ပါကြောင်း၊ မကြာမီက မြန်မာနိုင်ငံတွင် သီတင်းကျွတ်ပွဲတော်ကိုကျင်းပခဲ့ပြီး လာမည့်ရက်သတ္တပတ်အတွင်း၌လည်း မိမိတို့အိန္ဒိယနိုင်ငံ၌ ဒီပါဝလီပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း၊ ထိုပွဲတော်နှစ်ရပ်လုံးမှာ မီးထွန်းပွဲတော်များဖြစ်ပြီး တစ်ခုနှင့်တစ်ခု ရောင်ပြန်ဟပ်သကဲ့သို့ အိန္ဒိယနှင့်မြန်မာလူမျိုးများ အတူတကွပေါင်းစည်းထားသည့် ဆွေမျိုးရင်းချာပမာ ရင်းနှီးသောဆက်ဆံရေး၏ ရောင်ပြန်ဟပ်မှုတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မီးထွန်းပွဲတော်များ၏ ဖြစ်တည်မှုစိတ်ဓာတ်ဖြင့် သမိုင်းဝင်ပြီး အားရဖွယ်ကောင်းသည့် ယခုအခမ်းအနားသည် မိမိတို့၏ ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေကာ အိန္ဒိယနိုင်ငံနှင့်မြန်မာနိုင်ငံအကြား ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းကို ဆက်လက်ထွန်းလင်းပါစေကြောင်း၊ အိန္ဒိယ-မြန်မာချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ယနေ့အခမ်းအနားတွင် မိမိအနေဖြင့် အထူးဧည့်သည်တော်အဖြစ် တက်ရောက်အမှာစကား ပြောကြားရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အိန္ဒိယနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ အသိပညာမျှဝေမှု၊ မိတ်ဖက်ထူထောင်မှု၊ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးပိုမိုရရှိရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင်မှုမှတစ်ဆင့် ဆောင်ရွက်မှုတို့အပေါ် ထားရှိသည့်သန္နိဋ္ဌာန်ကို ညွှန်ပြသည့် အမှတ်တံဆိပ်တစ်ခုအဖြစ် ကာလရှည်ကြာစွာ ရပ်တည်ဆောင်ရွက်နေသည့် အစီအစဉ်ကောင်းတစ်ခုဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ သံတမန်ဆက်ဆံရေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းကြောင်းတစ်လျှောက် နှစ်နိုင်ငံအကြားအလွန်ထူးခြားသည့် ဆက်ဆံရေးနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လွတ်လပ်ရေးရရှိသည့်အချိန်မှစပြီး ထူထောင်ထားရှိနိုင်ခဲ့သည်ကို အားရဝမ်းမြောက်ဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာထိစပ်နေသည့် တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယအရှေ့မြောက်ဘက်တွင် ကုန်းတွင်းနယ်နိမိတ် ထိစပ်နေသကဲ့သို့ ဘင်္ဂလားပင်လယ်အော်တွင် ရေနယ်နိမိတ်ပါ ထိစပ်နေသည့်နိုင်ငံဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ **"အိမ်နီးချင်း ဦးစားပေးဝါဒ (Neighbourhood First Policy)"** နှင့် **"အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ (Act East Policy)"** တို့၏ ဆုံမှတ်တွင်တည်ရှိနေသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သံခင်းတမန်ခင်းတွင် အင်ဒို-ပစိဖိတ်ဒေသတွင်း အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှဒေသတို့အကြား အချက်အချာကျသည့်နေရာတွင် တည်ရှိနေပြီး တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးခြင်းကြောင့် အိန္ဒိယနိုင်ငံအတွက် အရေးပါသည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် စတင်ထူထောင်မှု၏ နှစ်(၆၀)ပြည့် အခါသမယ အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်းနှင့်အတူ မိမိအနေဖြင့် အစီအစဉ်နှင့်ပတ်သက်သည့် အချက်အချို့ကို ဖော်ပြပြောကြားလိုကြောင်း၊ ယခုအစီအစဉ်ကို ၁၉၆၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် (၆၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

တွင်စတင်ခဲ့ရာမှ ယခုအခါ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကို ကမ္ဘာ့နိုင်ငံပေါင်း (၁၆၀)တို့က ဝန်ထမ်းပေါင်း နှစ်သိန်းကျော်တို့ကို လေ့ကျင့်ပို့ချပေးနိုင်ခဲ့ပြီဟုသိရကြောင်း၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် မြန်မာနိုင်ငံနှင့် ပြည်သူ့ဝန်ထမ်းများ၏ စွမ်းရည်နှင့်ကျွမ်းကျင်မှုမြှင့်တင်ရေးအတွက်လည်း အရေးပါသည့်အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ်များစွာအတွင်း မြန်မာနိုင်ငံ၏ကဏ္ဍမျိုးစုံမှ ကျွမ်းကျင်ဝန်ထမ်းများအတွက် အကျိုးများစွာဖြစ်ထွန်းစေခဲ့ပြီး လေ့ကျင့်ရေးသင်တန်းများကိုလည်း ပို့ချပေးနိုင်ခဲ့ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်မှ ဘာသာရပ်အလိုက် ကာလတို၊ ကာလရှည်၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်သင်တန်းများနှင့် သုတေသနအစီအစဉ်များ များစွာစီစဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ ပညာသင်ဆု ၉၀၀ ကျော် ကမ်းလှမ်းခဲ့သည်ဟု သိရှိရသည့်အတွက်လည်း အိန္ဒိယအစိုးရနှင့်တာဝန်ရှိသူများကို ကျေးဇူးတင်ရှိသည်ကို ထပ်မံပြောကြားလိုကြောင်း၊ ထို့ပြင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ မြန်မာနိုင်ငံ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဝန်ထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာစွမ်းရည်မြှင့်တင်ရေးသင်တန်းများကို ယခင်ကပို့ချပေးခဲ့သည်ကိုလည်း သိရှိရကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ ဖွင့်လှစ်ပို့ချသည့်သင်တန်းများကို တက်ရောက်ပြီးမြောက်အောင်မြင်ခဲ့ကြသည့် မိမိတို့၏ ပြည်သူ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်တပ်တစ်အား အကျိုးရှိစေမည်ဖြစ်ကြောင်း၊ ယခုအခါ အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နေသူများရှိလာပြီဖြစ်ကြောင်း၊ ၎င်းတို့ တတ်ကျွမ်းမှတ်သားလာသည့် ကျွမ်းကျင်မှုနှင့် အသိပညာများနှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် တီထွင်ကြံဆမှုများနှင့် သုတေသနလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် အထောက်အပံ့များစွာရရှိပြီး အကျိုးများစွာရှိသည်ကို ပြောကြားလိုကြောင်း၊ ထို့ပြင် မိမိတို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးသည် နည်းပညာပူးပေါင်းဆောင်ရွက်မှုများမှာသာမက အခြားကဏ္ဍများတွင်လည်း တိုးတက်လျက်ရှိပြီး မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် နှစ်နိုင်ငံ၏ စီးပွားရေးကဏ္ဍအသီးသီးအတွက် အကျိုးပြုလျက်ရှိကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ သတ္တမမြောက်ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ စုစုပေါင်း ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁၅၀ ဒသမ ၁၈၁ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအထိ ရင်းနှီးမြှုပ်နှံမှုစာရင်းအရ အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အဆင့် ၁၁ တွင်ရှိနေကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ တန်ဖိုးအထားရဆုံးကုန်သွယ်ဖက်နိုင်ငံ တစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ယုံကြည်မိကြောင်း၊ ယခု အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် နှစ်နိုင်ငံအကြား ယုံကြည်မှု၊ ချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရေးတို့အတွက် မြဲမြံသည့် အုတ်မြစ်သဖွယ် လမ်းစဖော် မြှင့်တင်ပေးခဲ့သည်ဟုလည်း ဆိုနိုင်ကြောင်း။

အခွင့်အခါကြုံခိုက်တွင် ပြောကြားလိုသည်မှာ ရာဂီတိုင်ဖွန်းမုန်တိုင်း၏ ဆိုးရွားသည့်သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသည့် ဒေသများက ပြည်သူများအတွက် အိန္ဒိယအစိုးရမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများနှင့် ကယ်ဆယ်ရေးအထောက်အပံ့များကို အလျင်အမြန်ဆုံး လှူဒါန်းပေးခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိသည်ကိုပြောကြားလိုကြောင်း၊ အိန္ဒိယနိုင်ငံသည် တကယ့်မိတ်ဆွေကောင်းအဖြစ် အရေးပေါ်အခြေအနေတွင် ကူညီပေးခြင်းသည် ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသမှုကို ထင်ဟပ်စေကြောင်း၊ အကယ်၍ မိမိတို့အနေဖြင့် အိန္ဒိယနည်းပညာ




နားလည်မှုစာချွန်လွှာများကို မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံသံရုံး ဒုတိယအကြီးအကဲတို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur တို့အား သက်သေထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရှေ့မှောက်တွင် လဲလှယ်ကြစဉ်။

နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်မှ သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့် ကြိုတင်သတိပေးစနစ်တွင်အသုံးပြုနိုင်မည့် ပထဝီသတင်းအချက်အလက်နှင့် အဝေးအာရုံခံစနစ် (Geographic Information (GIS) and remote sensing) စသည့် နည်းပညာများဆိုင်ရာသင်တန်းများ တက်ရောက် လေ့လာပံ့ပိုးမှုများရရှိထားခဲ့မည်ဆိုပါက ပျက်စီးဆုံးရှုံးမှုများလျော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု (South–South coo-peration) ဆိုသည့်ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် အင်အားစုဖြစ်သည်ဟု ရှုမြင်ကြောင်း။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ် (၆၀) ပြည့် အောင်မြင်မှုကို ဂုဏ်ပြုသည့် ယနေ့အစီအစဉ်မှသည် နောင်လာမည့်နှစ်များတွင် ပိုမိုကြီးမားသော အောင်မြင်မှုများရရှိပါစေကြောင်းကို ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန် လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တူညီတဲ့မျှော်မှန်းချက်များကို အခြေပြုပြီး မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးနှင့် အိမ်နီးချင်းကောင်းအဖြစ် ရပ်တည်ဆက်ဆံဆောင်ရွက်ရေးတို့သည် တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်ခိုင်မြဲလာမည်ဟု ယုံကြည်ထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယနိုင်ငံတို့အကြား မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် (Quick Impact Projects–QIPs) အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နားလည်မှုစာချွန်လွှာလဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဒစ်ဂျစ်တယ်မှုခင်းသိပ္ပံဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးစီမံချက်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းအတွက် သင်ကြားရေးအထောက်အကူပြုပစ္စည်းကိရိယာများထောက်ပံ့ပေးခြင်းစီမံချက်၊ မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဒေသရှိ မိုးခေါင်ရေရှားမှုကြုံတွေ့နေရသည့်ကျေးရွာများ၌ ဆိုလာစွမ်းအင်အသုံးပြု၍ ကျေးလက်ရေထောက်ပံ့ရေးစီမံချက်၊ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် အသိဉာဏ်တုဆိုင်ရာ ဓာတ်ခွဲခန်းတည်ဆောက်ခြင်းစီမံချက်၊ မြန်မာ့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြင့် နှေးကွေးသော Pyrolysis ပြုလုပ်ပြီး ကတ္တရာကင်းစင်ပြီးခြောက်သွေ့သော ဓာတ်ငွေ့အမျိုးအစားရေပလတ်စတစ် Pyrolysis ဖြစ်စဉ်များမှ ရရှိသော လောင်စာများအား ပေါင်းစပ်သုံးစွဲခြင်းဖြစ်စဉ်အား စမ်းသပ်လေ့လာခြင်းစီမံချက် စသည့် နားလည်မှုစာချွန်လွှာများကို မြန်မာနိုင်ငံရှိသက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံသံရုံး ဒုတိယအကြီးအကဲတို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur တို့အား သက်သေထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရှေ့မှောက်တွင် လဲလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆွာမိ ဝိဝေခနန္ဒာယဉ်ကျေးမှု စင်တာ (Swami Vivekananda Cultural Centre – SVCC) မှ ကျောင်းသား၊ ကျောင်းသူများ၊ Ramayana အကအဖွဲ့တို့က အိန္ဒိယယဉ်ကျေးမှုအကအလှများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက Ramayana အက၊ မြန်မာ့ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (India Technical and Economic Cooperation) ITEC သင်တန်းသားဟောင်းများက အတွေ့အကြုံများ မျှဝေရှင်းလင်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀) ပြည့်အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀) ပြည့်အထိမ်းအမှတ် ဂုဏ်ပြု ညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Sixtieth anniversary of 2024 Indian Technical and Economic Cooperation (ITEC) program held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address




Senior General Min Aung Hlaing addresses the sixtieth anniversary of 2024 Indian Technical and Economic Cooperation (ITEC) program.

NAY PYI TAW October 24

Sixtieth anniversary of 2024 Indian Technical and Economic Cooperation (ITEC) program was held at MICC II here this evening, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, SAC Joint Secretary General Ye Win Oo and wife, SAC members and wives, union ministers, union level officials and wives, Indian Ambassador to Myanmar H.E. Mr. Abhay Thakur and wife, senior military officers from the Office of the Commander-in-Chief and wives, deputy ministers, military attaché and officials of the Indian Embassy in Myanmar.

First, the Indian Ambassador and wife welcomed and greeted the Senior General and party.

Afterwards, a video clip on the ITEC program was screened.


In his greetings, the Indian Ambassador explained the current functions of ITEC program and expressed special thanks to the Senior General and wife for gracing the ceremony with their presence. He said the Senior General's presence highlights the importance of human resources development in Myanmar's multiple development and economic growth. Myanmar observed the Thadingyut festival recently, and India will celebrate Deepawali in the coming week. Both are festivals of lights that are reflecting one another and also serve as the reflection of the close kinship relations between Indian and Myanmar people. With the spirit of the two festivals of lights, the present encouraging historic occasion will further strengthen bilateral relations and friendship and light up the path to closer cooperation between the two countries. May India-Myanmar friendship live long.

In his address, the Senior General expressed pleasure for the opportunity to speak at the ceremony as a specially invited dignitary. He said ITEC program stands for a long time as a brand indicating India's determination for knowledge sharing, partnership establishment and global progress. It is a good program.

Diplomatic relations between Myanmar and India began on 4 January 1948, the day on which Myanmar regained independence. It is remarkable to note that the noteworthy bilateral relations and close cooperation were established since the country restored independence.

Myanmar is the only Southeast Asian country that has a long common border with India. The country is touching northeast India through the land border and sharing the maritime border in the Bay of Bengal. Myanmar, located at the meeting point of India's **Neighbourhood First Policy and Act East Policy**, plays a vital role in the latter's diplomatic undertakings in the Indo-Pacific region. Geographically, Myanmar is located at the focal point between India and Southeast Asia and is a bridge between South Asia and Southeast Asia. So, it is an important country for India.

The Senior General said that he would like to express some points related to the ITEC programme in coincided with the



Senior General Min Aung Hlaing and Daw Kyu Kyu Hla enjoy a performance at the sixtieth anniversary of 2024 Indian Technical and Economic Cooperation (ITEC) program.

See Page - 19

■■ From Page - 18

60th Anniversary of ITEC. The programme was initiated on 15 September 1964, and so far, it has trained more than 200,000 staff from 160 countries. ITEC is important for Myanmar and its public service personnel to enhance their skills and capacity. In previous year, the programme could much benefit skilled workers from all sectors of Myanmar through training courses.

ITEC conducts the short- and long-term courses on relevant subjects, master's courses, doctoral courses and post-graduate courses as well as research programmes. The Senior General expressed his thanks to the Indian government and officials for their offers to award more than 900 scholarship students from January 2021 to September 2024. Moreover, it was reported that the ITEC conducted the electoral capacity enhance courses for staff of the Union Election Commission of Myanmar.


The public service personnel who have completed the courses conducted by ITEC are striving for development of the State as much as possible. At present, some of them are serving the high-ranking duties. Their experiences and knowledge and initiatives in the relevant workplaces and research process in addition to enhancement of productivity benefit the State in the long-term development process. Moreover, Myanmar-Indian relations are improving in the technological cooperation and other sectors. Bilateral trade between the two countries is also benefiting economic sectors of both countries.

India stands the seventh trade partners of Myanmar, managing a total trade worth US$-1,150.181 million with Myanmar up to February of 2023-2024 financial year. Moreover, India stands 11th in the chart of investments for 53 investor countries in Myanmar till January 2024.

The Senior General expressed his inspiration for India to stand the most valuable trade partner country. At present, ITEC firmly initiates promotion of cooperation in bilateral trust, friendly relations and mutual respect and other sectors.

At this opportune time, the Senior General expressed gratitude to the Indian government for providing humanitarian aid and relief supplies for Myanmar's flood-affected people suffering impacts of Typhoon Yagi as quickly as possible, showing its friendly relations and good neighbourliness. If Myanmar had chances to attend the courses on Geographic Information (GIS) and remote sensing with necessary assistance to be applied in disaster risk reduction and early warning system, Myanmar would reduce its loss and damage in the disasters. Moreover, ITEC can be dubbed as an important force for South-South Cooperation.

The program today, which celebrates the 60th anniversary of the India Technical and Economic Cooperation (ITEC) program's success, expresses a wish for even greater achievements in the years ahead. It emphasizes that the mutual respect, collaboration, and shared aspirations between the two nations will continue to strengthen the friendly and neighborly relations year after year.




MoUs being exchanged by officials from Myanmar and India.

Following this, a ceremony was held to exchange Memoranda of Understanding (MoUs) and implement Quick Impact Projects (QIPs) between the Republic of the Union of Myanmar and India. The agreements include projects such as upgrading the digital science lab, providing teaching aids to the Administrative Development Training School in Myanmar, a rural water supply project using solar energy in drought-affected villages in the central dry zone, constructing an artificial intelligence lab at Yangon Technological University, and a pilot project for rural development using agricultural waste for slow pyrolysis to produce tar-free and dry gas types derived from plastic pyrolysis fuel. The MoUs were exchanged by officials from Myanmar's relevant ministries and the Deputy Chief of Mission of the Indian Embassy, witnessed by Union Minister for Investment and Foreign Economic Relations Dr. Kan Zaw and Indian Ambassador to Myanmar H.E. Mr. Abhay Thakur, in the presence of the Chairman of the State Administration Council and Prime Minister.

Later, the Senior General and wife, and other attendees enjoyed cultural performances by students from the Swami Vivekananda Cultural Centre (SVCC), the Ramayana dance group, and artists from the Ministry of Religious Affairs and Culture's Department of Fine Arts, featuring Indian and traditional Myanmar dances.

Following that, former ITEC trainees shared their experiences.

The Senior General and his wife, as well as attendees, posed for a commemorative photo for the 60th anniversary of the ITEC program in 2024.

Additionally, they attended a dinner held in honor of the 60th anniversary celebration.**100**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.
2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.
3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**
4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.
5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Türkiye identifies Ankara aerospace company attackers as PKK members

ANKARA October 24

Turkish authorities said on Thursday they have identified the two assailants -- a man and a woman -- who carried out Wednesday's terror attack on the Turkish Aerospace Industries (TUSAS) headquarters in Ankara.

Both attackers have been confirmed as members of the outlawed Kurdistan Workers' Party (PKK), according to Interior Minister Ali Yerlikaya.

The male attacker was identified as Ali Orek, known by the code name Rojger, and the female attacker as Mine Sevjin Alcicekek, Yerlikaya said on the social media platform X.

The attack, involving automatic rifles and explosives, left five people dead and 22 others injured. According to local broadcaster NTV, eight of the wounded have since been discharged from the hospital.

Following the assault, Türkiye has heightened security measures, particularly at airports.

While no group has claimed responsibility for the attack, Turkish Defence Minister Yasar Guler confirmed that the military responded by striking 29 PKK targets in northern Iraq and 18 in northern Syria.



The Defence Ministry stated that a total of 59 "terrorists" were "neutralized" in the operations, including two believed to be high-ranking members. Turkish authorities often use the term "neutralized" to indicate that individuals have either been killed, captured, or have surrendered.

The PKK, listed as a terrorist organization by Türkiye, the United States, and the European Union, has rebelled against the Turkish government for more than three decades.

**Xinhua**

# Pakistan expects to join BRICS in near future



ISLAMABAD October 24

Pakistan expects to join BRICS in the near future, Coordinator to Pakistani Prime Minister on Implementation and Monitoring Rana Ihsaan Afzal Khan told Sputnik on Thursday.

"Well, Pakistan is hopeful and has requested BRICS to include Pakistan. I think in the near future we will be in BRICS and, obviously, BRICS is a strong forum representing a major part of the world economy. So, I think Pakistan should be part of BRICS, and we are hopeful that our request will be entertained," the coordinator said.

Pakistan will take sanctions into account when developing cooperation with Moscow, but believes it has the right to buy Russian oil at favorable prices, Rana Ihsaan Afzal Khan highlighted.

Such decisions will be made taking into account both international sanctions and the country's national security interests, the official added. Islamabad would welcome Moscow remov-ing the Taliban* movement from the list of terrorist organizations, the coordinator said.

Earlier in October, Kremlin aide Yury Ushakov said that the Taliban movement will soon be excluded from the list of terrorist organizations in Russia.

**Sputnik**

# China ready to advance greater BRICS cooperation with all members: spokesperson

BEIJING October 24

China stands ready to take the 16th BRICS Summit as an opportunity to work with member countries to open a new horizon in the high-quality development of greater BRICS cooperation, a Chinese foreign ministry spokesperson said on Thursday.

Spokesperson Lin Jian made the remarks at a daily press briefing when asked to provide more details about Chinese President Xi Jinping's attendance at the summit.

The 16th BRICS Summit, held on Wednesday in Kazan, Russia, is the first summit after the enlargement of the BRICS and has attracted great attention from the international community, Lin said.

In a speech addressing the summit, President Xi welcomed new members to the BRICS family, describing the enlargement of BRICS as a major milestone in its history and a landmark event in the evolution of the international situation, Lin said.

For the future development of BRICS, President Xi called on its members to build a BRICS committed to peace and act as defenders of common security, build a BRICS committed to innovation and act as pioneers of high-quality development, build a BRICS committed to green development and act as promoters of sustainable development, build a BRICS committed to justice and act as forerunners in reforming global governance, and build a BRICS committed to closer people-to-people exchanges and act as advocates for harmonious coexistence among all civilizations, Lin noted.

China proposed at the summit that it will implement a capacity-building program for BRICS digital education and open 10 learning centers in BRICS countries in the next five years, Lin added.

The new initiatives and measures are in line with the trend of the times, reflect the common will of BRICS countries, and demonstrate China's firm commitment to and confidence in advancing BRICS cooperation, he said.

Since its establishment 18 years ago, the BRICS cooperation mechanism has become an important force in the international arena. China is not only an advocate of BRICS development, but also a contributor to growing BRICS cooperation, Lin said.

President Xi has presided over or attended the BRICS summits for 12 consecutive years, promoted the establishment of the New Development Bank, initiated the "BRICS Plus" cooperation model, and put forward a series of important proposals and initiatives, which injected strong impetus into BRICS cooperation, the spokesperson said.

**Xinhua**

# Putin responds to UN chief's 'one big family' comparison

MOSCOW October 24

The global family of nations acts in the same way as regular families, meaning it sometimes has difficulties and disputes, Russian President Vladimir Putin has said, responding to a comparison made by UN Secretary-General Antonio Guterres.

Putin and Guterres spoke on Thursday at the BRICS Summit in the Russian city of Kazan. They exchanged opinions on how the global community interacts, with the UN chief urging BRICS to function as a family that works together to achieve joint goals.

"You've mentioned we all should represent one big family," the Russian president responded, "and that's how we live. Families, unfortunately, have disagree-ments, scandals, division of property. They even fight at times."

BRICS aims to lay the groundwork for cooperation and "create a good-spirited atmosphere in our common home," Putin continued, vowing to continue engaging the UN to achieve that goal.

In his speech, Guterres remarked that BRICS carries significant weight in the modern world and can make great strides in tackling issues that face all of humanity.

"I salute your valuable commitment and support for multilateralism and international problem solving," Guterres said. "No single group and no single country can act alone or in isolation. It takes a community of nations working as one global family to address global challenges."

The UN chief identified four key areas that he believes need improvement. These comprise the international financial system, which he called "outdated, ineffective and unfair" to developing nations, fighting climate change, wider access of countries to advanced technologies, and "strengthening the machinery of peace," which Guterres said requires a more robust UN Security Council and global reduction of armaments.

In his speech earlier in the day, Putin said the UN needs to reform to keep up with global changes and offer greater representation to developing nations. Guterres supported the idea.

**RT**

# Heads of delegations to 42nd ASEANAPOL Conference from member countries, delegation led by executive director of ASEAN Police Secretariat pay courtesy call on Chairman of State Administration Council Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing receives heads of delegations from member countries of the ASEANAPOL and the delegation led by the executive director of the ASEAN Police Secretariat.

NAY PYI TAW October 24

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received heads of delegations from member countries of the ASEANAPOL and a delegation led by the executive director of the ASEAN Police Secretariat that attended the 42nd ASEANAPOL hosted by Myanmar at the parlour of the Credentials Hall of the Office of the Chairman of the SAC in Nay Pyi Taw this morning.

Also present together with the Senior General were Joint Secretary General Ye Win Oo and Member Lt-Gen Yar Pyae of the SAC, Chief of the Myanmar Police Force Police Lt-Gen Win Zaw Moe and responsible officials from the Ministry of Foreign Affairs while police chiefs and senior officers from Brunei, Cambodia, Indonesia, Laos, Malaysia, Philippines, Thailand and Vietnam and the executive director of the ASEAN Police Secretariat, who attended the 42nd ASEANAPOL Conference, paid a courtesy call on the Senior General.

During the courtesy call, the Senior General extended greetings, saying the police are an organization that is mainly responsible for internal security and the role of the police is very comprehensive and important. It is necessary for members of the ASEAN to work together in combats against transnational crimes that require cooperation. Drug trafficking, arm smuggling and online scams can be prevented and suppressed effectively by cooperation among the police of respective countries. In conclusion, the Senior General expressed thanks for attending the 42nd ASEANAPOL Conference hosted by Myanmar.

Then the chief of the MPF reported to the Senior General on objectives and activities of the conference.

Afterward, heads of the delegation and the executive director of the ASEAN Police Secretariat introduced themselves one by one and discussed hospitality of Myanmar during the conference, cooperation for training among the police forces of the countries and future tasks for combating transnational crimes.

After the discussions, the Senior General and party posed for documentary photographs together with heads of the delegations and the executive director. **100**

# More than 6,000 acres of cropland placed under vegetable plantations in Kalay Township

KALAY October 24

A total of 6,955 acres of vegetables have been planted in Kalay Township of Sagaing Region, according to the statistics of Kalay Township Agriculture Department. Local farmers have grown 6,955 acres of vegetables against the target of 8,040 acres in the township this monsoon.

U Naing Tun Win, Head of Kalay Township Agriculture Department said: "We earmarked cultivation of more than 8,000 acres of vegetables but local farmers planted over 6,000 acres of crops. They are trying hard to meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, cauliflower and Chinese cabbage. We urged local farmers to use GAP system for all crops and educated them to produce healthy crops with free from chemical residue."

This year, agricultural staff educated local farmers to use agricultural techniques and expand sown acreage of vegetables. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်းနှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services
Mobile Banking Services and i Banking Services
Foreign Banking Services
မိတ်ချရတာ မြဝတီ
UnionPay
MPU
Phone No: (01) 2301367, 2301368, 2301452, 2301378
အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ဝိတ်ရတ်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
RHINO
PORTLAND CEMENT
STARMART nine mile
Showroom
Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
Myanmar MOBILE MONEY
Buy
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

# အမှိုက်များပါသည့်မိုးပျံပူဖောင်းတစ်လုံး တောင်ကိုရီးယားသမ္မတအိမ်တော်ဝင်းအတွင်းကျရောက်

**ဆိုး၊ လုံခြုံရေး**

အောက်တိုဘာလ ၂၄ ရက် နံနက်ပိုင်းတွင် တောင်ကိုရီးယားသမ္မတအိမ်တော်ဝင်းအတွင်းသို့ အမှိုက်များပါသည့်မိုးပျံပူဖောင်းတစ်လုံးကျရောက်မှုဖြစ်ပွားသည်ဟု တောင်ကိုရီးယားတာဝန်ရှိသူများက ပြောသည်။

ဆိုးမြို့လယ်ကောင်ရှိသမ္မတအိမ်တော်ဝင်းအတွင်းသို့ကျလာသော မိုးပျံပူဖောင်းတွင်ပါဝင်သောအမှိုက်များ၌ မည်သည့်အန္တရာယ်ဖြစ်စရာပစ္စည်းမျှ ပါဝင်ခြင်းမရှိကြောင်း အိမ်တော်လုံခြုံရေးအဖွဲ့က ပြောသည်။

သို့သော် ထိုအမှိုက်များတွင် တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုနှင့်ဇနီးတို့ကို အပြစ်တင်ဝေဖန်ထားသော လက်ကမ်းစာစောင်များပါဝင်ကြောင်း Dong-A Ilbo သတင်းစာက အောက်တိုဘာလ ၂၄ ရက် နံနက်ပိုင်းတွင်ဖော်ပြထားသည်။

ပြီးခဲ့သည့်သီတင်းပတ်များတွင် တောင်ကိုရီးယားနိုင်ငံမှ ဒရုန်းများက မြောက်ကိုရီးယားနိုင်ငံသို့ဝင်ရောက်ကာ မြောက်ကိုရီးယားအစိုးရမကောင်းကြောင်းရေးသားထားသည့် လက်ကမ်းစာစောင်များကြဲချသည်။

ထို့ပြင် မြောက်ကိုရီးယားတာဝန်ရှိသူများက တောင်ကိုရီးယားမှလွှတ်တင်လိုက်သောဒရုန်းကို ရှာဖွေသိမ်းဆည်းလိုက်နိုင်ပြီးနောက် တောင်ကိုရီးယားနှင့်မြောက်ကိုရီးယားတို့ကြား တင်းမာမှုပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

ထိုတင်းမာမှုများကြောင့် မြောက်ကိုရီးယားက တောင်ကိုရီးယားနှင့်ချိတ်ဆက်ထားသည့် လမ်းပိုင်းများကိုဖောက်ခွဲမှုများလုပ်ဆောင်ထားကြောင်း သတင်းဌာနများကဖော်ပြထားသည်။ Ref: JT





# တူကီယဲက အီရတ်နှင့်ဆီးရီးယားရှိ PKK ပစ်မှတ်များကိုတိုက်ခိုက်

**အန်ကာရာ၊ စစ်ရေး**

တူကီယဲက အီရတ်နိုင်ငံမြောက်ပိုင်းနှင့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတို့ရှိ ကာဒစ်စတန်အလုပ်သမားများပါတီ(PKK) အဖွဲ့၏ ပစ်မှတ်များကို တိုက်ခိုက်မှုများလုပ်သည်ဟု တူကီယဲကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂၄ ရက်တွင်ထုတ်ပြန်သည်။

အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးတို့က မောင်းပြန်သေနတ်များ၊ ဖောက်ခွဲရေးပစ္စည်းများအသုံးပြု၍ အန်ကာရာမြို့ရှိ တူကီယဲလေကြောင်းအာကာသစက်မှုလုပ်ငန်းရုံးချုပ်ကို အောက်တိုဘာလ ၂၃ ရက်တွင် ဝင်ရောက်တိုက်ခိုက်ပြီးနောက် တူကီယဲလေတပ်က PKK ပစ်မှတ်များကို လေကြောင်းမှတိုက်ခိုက်ခြင်းဖြစ်သည်။

ထိုတိုက်ခိုက်မှုအတွင်း PKK အဖွဲ့ဝင်အကြမ်းဖက်သမား ၅၉ ဦးကိုချေမှုန်းနိုင်ခဲ့သည်ဟု တူကီယဲကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

အန်ကာရာမြို့တွင်တိုက်ခိုက်မှုလုပ်သူနှစ်ဦးစလုံးသေဆုံးသွားပြီး ထိုနှစ်ဦးအနက် အမျိုးသားမှာ PKK အဖွဲ့ဝင်ဖြစ်သည်ဟု တူကီယဲပြည်ထဲရေးဝန်ကြီးက အတည်ပြုထားသည်။ Ref: RTA



# နိုင်ငံပိုင်ပစ္စည်းများကိုခိုးယူခြင်းက အမေရိကန်၏မူဝါဒဖြစ်လာပြီဟုဆို

**ဝါရှင်တန်၊ ဆက်ဆံရေး**

နိုင်ငံတစ်နိုင်ငံ၏ ပိုင်ဆိုင်မှုဖြစ်သည့် ဥစ္စာပစ္စည်းများကိုခိုးယူခြင်းသည် အမေရိကန်အစိုးရ၏ မူဝါဒတစ်ရပ်ဖြစ်လာနေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးကပြောသည်။

အမေရိကန်အစိုးရသည် ၎င်းတို့နိုင်ငံရှိ ရုရှားနိုင်ငံ၏ပိုင်ဆိုင်မှုများကို ထိန်းသိမ်းရယူကာ ယူကရိန်းနိုင်ငံကို ဒေါ်လာဘီလီယံ ၂၀ ထုတ်ချေးခြင်းက ထိုအစိုးရ၏အဆင့်မြင့်ခိုးယူမှုကိုဖော်ညွှန်းနေခြင်းဖြစ်သည်ဟု ရုရှားသံရုံးကထုတ်ပြန်ထားသည်။

အမေရိကန်အစိုးရက G7 အဖွဲ့က ယူကရိန်းကို ဒေါ်လာဘီလီယံ ၅၀ ထောက်ပံ့ပေးမည့်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဘီလီယံ ၂၀ ကိုထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ပိုင်ဆိုင်မှုများကို သိမ်းယူခြင်းဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အောက်တိုဘာလ ၂၃ ရက်တွင်ထုတ်ပြန်ကြေညာသည်။

အလားတူ ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့ကလည်း ၎င်းတို့နယ်မြေများရှိ ရုရှားနိုင်ငံ၏ရန်ပုံငွေများမှအတိုးများဖြင့် ယူကရိန်းကိုငွေထုတ်ချေးပေးမည်ဟု ထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံအနေဖြင့် ရုရှား-ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားပြီးနောက် ယူကရိန်းသို့ပေးနေသည့်စစ်ရေးအကူအညီများမှာ ဒေါ်လာ ၆၄ ဘီလီယံကျော်ရှိနေပြီဖြစ်ကြောင်းသိရသည်။ Ref: RT

## သတင်းတိုကဏ္ဍ

### မုန်တိုင်းထရမ်မီကြောင့် ဖိလစ်ပိုင်၌ သေဆုံးသူ ၂၂ ဦးအထိရှိ

ဖိလစ်ပိုင်နိုင်ငံသို့ဝင်ရောက်တိုက်ခတ်လျက်ရှိသည့် အပူပိုင်းမုန်တိုင်းထရမ်မီကြောင့် ရေကြီးမှုများနှင့်မြေပြိုမှုများဖြစ်ပွားလျက်ရှိရာ လက်ရှိအချိန်အထိ သေဆုံးသူ ၂၂ ဦးနှင့် ပျောက်ဆုံးသူကိုးဦးရှိကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၂၄ ရက်တွင်ထုတ်ပြန်သည်။

ထို့ပြင် မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို နိုင်ငံတစ်ဝန်းရှိ ဒေသ ၁၂ ခုမှ လူပေါင်းနှစ်သန်းကျော်က ရင်ဆိုင်ခံစားရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာအေဂျင်စီကထုတ်ပြန်ထားသည်။ အလားတူ မုန်တိုင်းတိုက်ခတ်မှုမပြီးသေးသည့်အတွက် လူသေဆုံးမှုနှင့်ပျောက်ဆုံးမှုမှာလည်းမြင့်တက်လာနိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

နိုင်ငံတစ်ဝန်းရှိ လမ်းပိုင်းပေါင်း ၂၅၆ ခု၊ တံတားအစင်း ၄၀ တို့မှာ ဖြတ်သန်းအသုံးပြုနိုင်ဦးမည်မဟုတ်သည့်အပြင် လေဆိပ်နှစ်ခုနှင့် ဆိပ်ကမ်း ၈၆ ခုကိုပိတ်ထားရဆဲဖြစ်ကြောင်း အေဂျင်စီ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

ထရမ်မီမုန်တိုင်းက ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်တိုက်ခတ်နေကာ အောက်တိုဘာလ ၂၅ ရက် မွန်းလွဲပိုင်းတွင်မှ မုန်တိုင်းတိုက်ခတ်မှုမှလွတ်မြောက်မည်ဟု အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ထားသည်။ Ref: Xinhua

### NATO အဖွဲ့ဝင်ခုနစ်နိုင်ငံက ယူကရိန်းကို အဖွဲ့ဝင်အဖြစ်လက်မခံ

NATO အဖွဲ့ဝင်ခုနစ်နိုင်ငံက ယူကရိန်းနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံမှုမရှိကြောင်း Politico သတင်းဌာနက အောက်တိုဘာလ ၂၃ ရက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

အလားတူ အမေရိကန်နှင့်ဂျာမနီတို့ကဲ့သို့ နိုင်ငံကြီးများမှာလည်း ယူကရိန်းကို NATO အဖွဲ့ဝင်ဖြစ်လာစေရေးအတွက် ဖိတ်ခေါ်မှုကို သက်တမ်းတိုးလိုခြင်းမရှိဖြစ်နေကြောင်း အမည်မဖော်လိုသူတာဝန်ရှိသူများ၏ ပြောဆိုချက်ကိုကိုးကား၍ ထိုသတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

ယူကရိန်းသမ္မတဇီလန်စကီက အောင်နိုင်ရေးအစီအစဉ်ကို ပြီးခဲ့သည့်သီတင်းပတ်တွင်တင်ပြခဲ့ရာ ထိုအစီအစဉ်၌ ၎င်း၏နိုင်ငံကို NATO အဖွဲ့ဝင်အဖြစ်ချက်ချင်းလက်ခံရမည်ဟူသောအချက်ပါဝင်သည်။

ဇီလန်စကီ၏တင်ပြချက်နှင့်ပတ်သက်၍ အမေရိကန်နှင့်ဂျာမနီတို့က လှိုက်လှိုက်လှဲလှဲသိပ်မရှိသောကြောင့် ကျန်နိုင်ငံများကလည်း နောက်ဆုတ်နေကြောင်း၊ အချို့နိုင်ငံကြီးများဆိုလျှင် ရုရှားနိုင်ငံနှင့် စစ်ပွဲအတွင်းပိတ်မိနေမည်ကို စိုးရိမ်နေကြောင်း တာဝန်ရှိသူများကပြောထားသည်။ Ref: RT

### သူလျှိုများက တရုတ်အာကာသအစီအစဉ်ကိုခိုးရန်ကြိုးပမ်း

ပြည်ပနိုင်ငံများမှ သူလျှိုများအနေဖြင့် တရုတ်နိုင်ငံ၏ အာကာသအစီအစဉ်လျှို့ဝှက်ချက်များကိုခိုးယူရန်ကြိုးစားလျက်ရှိကြောင်း တရုတ်နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ထို့ကြောင့်အာကာသအစီအစဉ်ဆိုင်ရာလုံခြုံရေး၏ ဘေးကင်းစိတ်ချရမှုသည် တရုတ်နိုင်ငံ၏ အနာဂတ်ရှင်သန်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဓိကကျသော မဟာဗျူဟာဖြစ်လာသည်ဟု အဆိုပါဝန်ကြီးဌာနက လူမှုကွန်ရက်တွင်ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်များအတွင်း အနောက်နိုင်ငံအချို့က အာကာသတိုက်ခိုက်ရေးတပ်ဖွဲ့များကိုဖွဲ့စည်းကာ တရုတ်နိုင်ငံကိုပစ်မှတ်ထားသည့် အာကာသဆိုင်ရာစစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်လာသည့်အပြင် ပြည်ပထောက်လှမ်းရေးဌာနများကလည်း တိကျမှုမြင့်မားသည့်ဂြိုဟ်တုများမှတစ်ဆင့် တရုတ်နိုင်ငံကို ထောက်လှမ်းမှုများလုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

တိကျမှုမြင့်မားသောဂြိုဟ်တုများမှာ အသေးစိတ်ပုံရိပ်များကို အချိန်နှင့်တစ်ပြေးညီရိုက်ကူးပေးနိုင်သောကြောင့် ခေတ်သစ်စစ်ပွဲတွင်အဓိကအခန်းကဏ္ဍမှပါဝင်လာကြောင်းသိရသည်။ Ref: RTA

### မုန်တိုင်းဒါနာ တစ်နာရီလျှင်ကီလိုမီတာ ၁၂၀ နှုန်းဖြင့် ကုန်းတွင်းပိုင်းဝင်မည်

အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဒါနာသည် အောက်တိုဘာလ ၂၅ ရက် နံနက်ပိုင်းတွင် တစ်နာရီလျှင်ကီလိုမီတာ ၁၂၀ နှုန်းဖြင့် ဩရိဿပြည်နယ်ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မုန်တိုင်းကြောင့် ခရိုင် ၁၁ ခုရှိ ကျေးရွာပေါင်း ၁၆၅၃ ရွာမှ ပြည်သူပေါင်းလေးသိန်းနီးပါးအပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ကပြောသည်။ ကယ်ဆယ်ရေးလုပ်ငန်းများကိုမူ ရာနှုန်းပြည့်နီးပါး လုပ်ဆောင်ထားနိုင်ပြီဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ထိုမုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ဝင်ရောက်ပြီးနောက် အနောက်-အနောက်တောင်ပိုင်းသို့ လမ်းကြောင်းပြောင်းလဲသွားနိုင်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

မုန်တိုင်းသည် အလွန်အားကောင်းသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ရောက်ရှိနိုင်ခြေမရှိကြောင်း မိုးလေဝသပညာရှင် ဒေါက်တာဘတ်ဇလာရာရှစ်က ပြောသည်။ Ref: TNIE

# အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်များ ဒုတိယအကြိမ်မြောက် အစည်းအဝေးတက်ရောက်ရန် ဒုတိယဝန်ကြီး ဦးထိန်လင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၄**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်များ ဒုတိယအကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှု လက်မှတ်ရသင်တန်းဖွင့်လှစ်

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်းခန်းမ၌ လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရ သင်တန်းအမှတ်စဉ် (၃) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၃ ရက်က ကျင်းပသည်။

ရေးဦးစွာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးက ယခုသင်တန်းသည် တတိယအကြိမ်မြောက်ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ နိုင်ငံတော်၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သမားရိုးကျ လယ်ယာစိုက်ပျိုးရေးစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာမြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ မောင်းနှင်ပြင်ဆင်ထိန်းသိမ်းနိုင်မည့် စက်မှုလယ်ယာကျွမ်းကျင်လုပ်သားကောင်းများ ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးနှင့် နိုင်ငံအဆင့်ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အာမခံချက်ရှိသည့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိစေရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို တစ်နှစ်ကြာဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသို့ နိုင်ငံတစ်ဝန်းရှိ အနယ်နယ်အရပ်ရပ်မှ သင်တန်းသား ၄၀ ဦးတက်ရောက်ကြောင်း သိရသည်။

**(မဝ၂)**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P)သည် ရွှေစီမံကိန်းတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV.PTSC THAI BINH ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅ ဒသမ ၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇ ဒသမ ၆၉၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄ ဒသမ ၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉ ဒသမ ၄၂၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၆ ဒသမ ၈၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၃ ဒသမ ၄၀၈ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၂၀ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၄၄ ဒသမ ၉၂၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွှေစီမံကိန်းတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC THAI BINH ဖြင့်လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသောရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ ယနေ့တွင် ပေါင်းလောင်းရေလှောင်တမံ၌ HED ရေတံခါးအချပ် ၂၀ ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၄.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၄.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၅၂၆၃ | ၆၂၅.၈၁ | ၅၅၉၈၀၀ | ၁၈၃၀၈ (လျှပ်စစ်ထုတ်ရေ) | - | - | - | - | ၀.၁၀ | ၆၂၆.၅၃ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၃၇၇ | ၆၂၇.၆၅ | ၂၈၇၆၁ | - | ၇.၃၅ | ၇၇၃၉ | - | - | ၁.၀၀ | ၆၂၇.၂၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၈၅၈ | ၅၁၉.၁၀ | ၈၉၃၁၃ | ၂၇၂ | ၀.၉၀ | ၂၄၅၇ | - | - | ၀.၈၄ | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်းတမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၁၁၃ | ၅၀၉.၇၀ | ၁၀၅၅၆ | ၁ | ၂.၃၀ | ၁၇၀၁ | - | - | ၀.၃၅ | ၅၀၉.၅၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၅၇ | ၄၃၇.၈၀ | ၆၉၄၀၀ | ၂၈၅ | ၁.၂၀ | ၃၆၀၀ | - | - | - | ၄၃၇.၈၂ |
| ၆ | လေးလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၁၂၁၇ | ၅၃၄.၉၀ | ၇၄၅၉၈ | - | ၀.၁၀ | ၄၀၂ | - | - | ၁.၀၀ | ၅၃၄.၆၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၈၅ | ၇၅၀၄ | ၁၁ | ၂.၁၅ | ၁၂၁၄ | - | - | - | ၄၁၅.၈၉ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၃၉၂ | ၇၀၃.၇၀ | ၁၀၈၅၂၂ | ၂ | ၆.၃၀ | ၃၄၅၆၈ | - | - | ၀.၉၁ | ၇၀၃.၄၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | ၀.၁၉ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၁ | ၈၆၃.၅၀ | ၁၀၀၄၃ | ၂၈ | ၆.၅၀ | ၄၄၅၇ | - | - | - | ၈၆၃.၅၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | ၀.၂၅ | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀) ချပ်ထောင်ထားပါသည်။

# PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့နယ်၊ သရက်ကန်ကျေးရွာရှိ စာသင်ကျောင်းအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူအချို့ထိခိုက်ဒဏ်ရာများရရှိ


**နေပြည်တော် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သရက်ကန်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် အကြောင်းမဲ့ ပစ်ချတိုက်ခိုက်မှုကြောင့် ဆရာမ ၁ ဦး၊ ကျောင်းသူ ၃ ဦးနှင့် ဒေသခံပြည်သူ ၁ ဦး ဖုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မြိုင်မြို့နယ်၊ သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိစဉ် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဆရာမ ၁ ဦး၊ ကျောင်းသူ ၃ ဦးနှင့် ဒေသခံပြည်သူ အမျိုးသမီး ၁ ဦးတို့ ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေသည့် ပညာရေးဆိုင်ရာ အဆောက်အဦများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်လုပ်ရပ်အပေါ် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

မြိုင်မြို့နယ်၊ သရက်ကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းအား
PDF အမည်ခံအကြမ်းဖက်သမားများက
Drop Bomb ပစ်ချတိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြပုံ




# မန္တလေးမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့များက ကုန်သိုလှောင်ရုံနှင့်ဂိုဒေါင်များဝင်ဖောက်ခြင်း၊ တရားဝင်တင်သွင်းထားသော ကုန်ပစ္စည်းများကိုပါ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်ဟု သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးမြို့တွင်လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းအဖွဲ့များက ကုန်သိုလှောင်ရုံနှင့် ဂိုဒေါင်များဝင်ဖောက်ခြင်း၊ တရားဝင်တင်သွင်းထားသော ကုန်ပစ္စည်းများကိုပါ ဖမ်းဆီးခြင်းများ လုပ်ဆောင်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းမှားများလှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးမြို့ရှိ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ပြောကြားချက်အရ မန္တလေးမြို့အတွင်း အကြမ်းဖက်သမားများ စိမ့်ဝင်ခိုအောင်းမှု မရှိစေရေးလိုအပ်သောလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် လုံခြုံရေးပူးပေါင်းအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြောင်းမဲ့ ဝင်ရောက်ဖမ်းဆီးစစ်ဆေးခြင်းမရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် ဥပဒေနှင့်အညီသာ တားဆီးစစ်ဆေးကြပ်မတ်လျက်ရှိကြောင်း




နှင့် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အခြေအမြစ်မရှိသည့် သတင်းအမှားများဖြင့် ပြည်သူလူထုအား သတင်းအဆိပ်ခတ်နေခြင်းသာဖြစ်ကြောင်း သိရသည်။ (၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Dr Nay Soe Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်နေ ဒေါက်တာနေစိုးမောင်အား ညနေ ၆ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂.၅˚c |
| ရန်ကုန် | ၂၅˚c | / | ၃၂.၅˚c |
| မန္တလေး | ၂၃˚c | / | ၃၂.၅˚c |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


# အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း ဒါနာ၏အရှိန်ကြောင့် မြန်မာနိုင်ငံနေရာဒေသအချို့တွင် မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း ဒါနာ(DANA)သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ စစ်တွေမြို့(Sittwe)၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၃၀၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ဒမ်မရာမြို့(Dhamara)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၈၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၉၈၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ မိုင်မှ မိုင် ၇၀ နှုန်းခန့်ဖြစ်သည်။




၂၄-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဒါနာ (DANA)" လမ်းကြောင်းပြမြေပုံ




အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း ဒါနာ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း ဒါနာသည် မြောက်-အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာလ ၂၅ ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့(Puri)နှင့် ဆာဂါကျွန်း(Sagar Island)တို့အကြား ဒမ်မရာမြို့(Dhamara)အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း ဒါနာ၏အရှိန်ကြောင့် ယနေ့ညမှနောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်မရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ရွှေထီးအမှတ်တံဆိပ် အမျိုးသား အကြောသန် သောက်ဆေးနှင့် နေကြာပန်းအမှတ်တံဆိပ် အမျိုးသားအားတိုးဆေးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိခြင်းနှင့် ပျော်စံရာ အမှတ်တံဆိပ် အမျိုးသားခွန်အားတိုးဆေးသည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှု မရှိခြင်းတို့ကြောင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|
| ၁။ | ရွှေထီး | အမျိုးသား အကြောသန် သောက်ဆေး | ဆေးပြား | အောင်မြေရတနာလမ်း၊ ကွေ့ကြီးကုန်းရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။ |
| ၂။ | နေကြာပန်း | အမျိုးသား အားတိုးဆေး | ဆေးမှုန့် | လိပ်စာမပါဝင်ပါ။ ဖုန်းနံပါတ် ၀၉-၇၈၅၀၂၀၄၁၃ ဖော်ပြထားသည်။ |
| ၃။ | ပျော်စံရာ | အမျိုးသား ခွန်အားတိုးဆေး | ဆေးပြား | အမှတ် ၅၃၅၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့ နယ်၊ ရန်ကုန်မြို့။ |




တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်မရှိသည့် ဆေးဝါးနမူနာများ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေး
## ကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော Packing Material, Pre-painted Galvanized Iron Sheet in Coil နှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင် ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - (၂၁-၁၁-၂၀၂၄)ရက်နေ့ နံနက်(၁၀:၀၀)နာရီ

(ခ) နေရာ - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ပစ္စည်းအမျိုးအမည် - Packing Material, Pre-painted Galvanized Iron Sheet in Coil နှင့် အထွေထွေကုန်ပစ္စည်းများ

(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် (၁၁-၁၁-၂၀၂၄) ရက်နေ့မှ (၁၃-၁၁-၂၀၂၄)ရက်နေ့ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(င) ပစ္စည်းပြသမည့်အချိန် - လေလံပုံစံဝယ်ယူပြီးသူများအား (၁၈-၁၁-၂၀၂၄)ရက်နေ့မှ (၂၀-၁၁-၂၀၂၄) ရက်နေ့အထိ ရုံးဖွင့်ရက်နံနက်(၁၀:၀၀) နာရီမှ ညနေ(၁၆:၀၀)နာရီအထိ (၃)ရက် ပြသပါမည်။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း (၀၉-၇၇၅၀၇၇၁၁၃)သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

## ကွာရှင်းပြတ်စဲပြီးခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်နေ အဘ ဦးကျော်ဝင်း၊ အမိ ဒေါ်ချိုချိုလွင်တို့၏သား ဦးကျော်သူထိုက် ၁၀/ကထန(နိုင်)၁၁၁၃၂၆ နှင့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်နေ အဘ ဦးတင်မောင်ထွဋ်၊ အမိ ဒေါ်အေးအေးမြင့်တို့၏သမီး ဒေါ်ဇင်မာထွဋ် ၇/သဝတ(နိုင်)၀၇၆၁၀၇ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၁၆.၆.၂၀၂၂ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်တွင် တရားဝင်နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သူထိုက်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဈေးတန်းလေးရပ်နေ အဘ (ဦးနေထွန်း)၊ အမိ ဒေါ်ငွေကြည်တို့၏သားဖြစ်သူ မောင်အောင်ဝင်းထွန်း(ခ)စိုင်းမုန့်တစ်သည် မိဘများ၏ပြောဆိုဆုံးမမှုများကို မနာခံသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဦးနေထွန်း)+ဒေါ်ငွေကြည်**

### အမည်ပြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မိသားစုကိုယ်ပိုင်ကျောင်း Grade(3) မှ အဘ ဦးတေဇာဝင်းထွန်း ၁၂/ဥကတ(နိုင်)၁၆၇၂၈၇ ၏သား မောင်စိုင်းတေဇာဖြိုးအား မောင်စိုင်းဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်စိုင်းဝေ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့၊ နောင်ကုန်ကျေးရွာနေ ဒေါ်ခင်စန်းထွေး ၅/စတန(နိုင်)၁၄၀၃၇၅ ၏ဖခင် ဦးဘချင်းနှင့် ဦးဘချစ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဘချင်း(ခ)ဦးဘချစ်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့၊ ရပ်ကွက်(၄)နေ ဒေါ်မေရီ ၁၃/ဆဆန(နိုင်)၀၂၉၆၅၃ ၏ဖခင် ဦးထန်ခမ်းထောင်နှင့် ဦးထန်းခမ်းဒေါင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးထန်ခမ်းထောင်(ခ)ဦးထန်းခမ်းဒေါင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကျိုင်းတုံမြို့၊ နောင်ကုန်အုပ်စု ကျိုင်းလိတ်ရွာနေ ဒေါ်မူမူအေး ၁၃/ဆဆန(နိုင်)၀၂၉၆၅၂ ၏ဖခင် ဦးထန်ခမ်းထောင်နှင့် ဦးထန်ခန်းထောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးထန်ခမ်းထောင်(ခ)ဦးထန်ခန်းထောင်**




### ပျောက်ဆုံးကြောင်း
မလဲ့စန္ဒာ(ဘ)ဦးရော်ဝူး ၁၃/လရန(နိုင်)၂၁၆၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မအေးအေး(ဘ)ဦးကုံးရှောက် ၁၃/လရန(နိုင်)၁၈၁၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## "Ocean Emperor Entertainment Company Limited"
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ
### အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား
### စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "Ocean Emperor Entertainment Company Limited "ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ၂၀၂၄ ခုနှစ်၊ ၁၀ လ၊ (၂၃)ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးတွင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ B.Com (AA); C.P.A(210) (Certified Public Accountant) အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၂၃-၁၁-၂၀၂၄)ရက်နေ့အထိ နောက်မကျစေဘဲ ဦးဇင်ဝေ B.Com(AA);C.P.A(210)ထံသို့ ခိုင်လုံသော သက်သေအထောက်အထားများနှင့်အတူ သတ်မှတ်ရက်အတွင်း တောင်းခံကြပါရန်နှင့် ၎င်းရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးဇင်ဝေ** | **ဦးအောင်သူလွင်** |
| **B.Com(AA);C.P.A(210)** | **MANAGING DIRECTOR** |
| **(Certified Public Accountant)** | **Ocean Emperor** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **Entertainment CO.,LTD.** |

### ပျောက်ဆုံးကြောင်း
အိမြတ်သူ(ဘ)ဦးချစ်ကိုကိုဦး ၁၄/ပသန(နိုင်)၃၀၉၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 769950)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### အမည်ပြောင်း
ပဲခူးမြို့၊ B.B.S ကိုယ်ပိုင်ကျောင်း၊ Grade-4 မှ အဘ ဦးရဲထွဋ်မှူးကို၏သား မောင်နောင်ရဲထက်အား မောင်နောင်ခန့်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်နောင်ခန့်ကို**

### ဖခင်အမည်မှန်
ပဲခူးမြို့၊ အမှတ်(၃၀)ပစ္ဆိမရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-2 မှ မောင်ရဲရင့်လင်း၏ဖခင်အမည်မှန်မှာ ဦးဝင်းစိုးဖြစ်ပါကြောင်း။
**ဦးဝင်းစိုး**

### ဖခင်အမည်မှန်
ပဲခူးမြို့၊ အမှတ်(၃၀)ပစ္ဆိမရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-3 မှ မောင်ဖိုးသောကြာ၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော်ဖြစ်ပါကြောင်း။
**ဦးမျိုးဇော်**

### အမည်မှန်
ပဲခူးမြို့၊ အမှတ်(၃၀)ပစ္ဆိမရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော အဘ ဦးဌေးနိုင်၏ သားများအမည်မှန်မှာ မောင်အာကာဖြိုးနှင့် မောင်အာကာစိုးတို့ဖြစ်ပါကြောင်း။
**မောင်အာကာဖြိုး၊ မောင်အာကာစိုး**

### အမည်မှန်
ပဲခူးမြို့၊ အမှတ်(၃၀)ပစ္ဆိမရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော အဘ ဦးခိုင်လင်း၏သား အမည်မှန်မှာ မောင်မင်းသက်စံဖြစ်ပါကြောင်း။ **မောင်မင်းသက်စံ**

### အမည်မှန်
ပဲခူးမြို့၊ အမှတ်(၃၀)ပစ္ဆိမရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော အဘ ဦးအောင်သူ၏ သားအမည်မှန်မှာ မောင်ဥက္ကာမြတ်မင်းဖြစ်ပါကြောင်း။ **မောင်ဥက္ကာမြတ်မင်း**

### အမည်မှန်
ပဲခူးမြို့၊ အမှတ်(၃၀)ပစ္ဆိမရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော အဘ ဦးမြင့်ဇော်ထွန်း၏သမီးအမည်မှန်မှာ မငြိမ်းရွှေဇင်ထွန်းဖြစ်ပါကြောင်း။ **မငြိမ်းရွှေဇင်ထွန်း**

### ဖခင်အမည်မှန်
ပဲခူးမြို့၊ အမှတ်(၃၀)ပစ္ဆိမရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-2 မှ မောင်ပြည့်စုံစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးပိုင်ဖြစ်ပါကြောင်း။
**ဦးစိုးပိုင်**

### ဖခင်အမည်မှန်
ပဲခူးမြို့၊ အမှတ်(၃၀)ပစ္ဆိမရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-5 မှ မယွန်းထက်ထက်၏ ဖခင်အမည်မှန်မှာ ဦးကျင်ထွေးဖြစ်ပါကြောင်း။
**ဦးကျင်ထွေး**

### ပျောက်ဆုံးကြောင်း
ဝေဝေထွန်း(ဘ)ဦးသန်းထွန်း ၇/ဖမန(နိုင်)၂၀၆၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 863494)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ရဲဇော်ဝင်း(ဘ)ဦးအောင်ကြည်သိန်း ၁၄/ပသန(နိုင်)၂၁၄၄၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 156482)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၁၁၉၁၁၉၅**

### ပျောက်ဆုံးကြောင်း
လမင်းခန့်ပိုင်(ဘ)ဦးအောင်သန်း ၁၂/သကတ(နိုင်)၁၉၂၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၃၃၇၄၂၆၉**

### ပျောက်ဆုံးကြောင်း
အောင်ထွန်းနိုင်(ဘ)ဦးထွန်းထွန်း ၁၂/ဒပန(နိုင်)၀၅၅၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၁၆၁၀၀၉**

### ပျောက်ဆုံးကြောင်း
စိုးသူရ(ဘ)ဦးမျိုးလှိုင် ၁၀/မလမ(နိုင်)၂၆၄၆၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 728578)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၁၂၇၀၈၈၂**

### ပျောက်ဆုံးကြောင်း
တင်တင်နု(ဘ)ဦးဘသိန်း ၁၁/သတန(နိုင်)၀၇၆၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 164124)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ရဲသွေးဦး(ဘ)ဦးခင်ကြိုင် ၁၄/ဇလန(နိုင်)၁၉၅၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 580930)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### ပျောက်ဆုံးကြောင်း
နန်းအမူး(ဘ)ဦးစိုးသိန်း ၃/ဘအန(နိုင်)၄၄၇၂၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 930933)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
အောင်နိုင်(ဘ)ဦးသောင်းငြိမ်း ၃/ကဆက(နိုင်)၀၆၀၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 658174)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
ဟန်သူဟိန်း(ဘ)ဦးကျော်သန်း ၉/ခမစ(နိုင်)၀၃၄၃၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 989705)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ရဲကျော်စွာမြင့်(ဘ)ဦးမြင့်သိန်း ၁၂/လကန(နိုင်)၁၉၅၉၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၀၁၄၀၂၈၅**

### ပျောက်ဆုံးကြောင်း
လှမျိုးအောင်(ဘ)ဦးချစ်ရွှေ ၁၂/တကန(နိုင်)၁၀၅၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 940164)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၇၅၂၁၄၉၈**

### ပျောက်ဆုံးကြောင်း
နန့်ဆန်းခလိန်(ဘ)ဦးမောင်အေး ၁၂/ကမန(နိုင်)၀၆၅၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(664540)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၂၄၆၃၁**

### ပျောက်ဆုံးကြောင်း
မျိုးသန္တာဝင်း(ဘ)ဦးဝင်းဦး ၁၄/ကပန(နိုင်)၂၀၀၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 420400)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၃၆၉၁၄၈၂**

### ပျောက်ဆုံးကြောင်း
မောင်ထွန်းဝင်း(ဘ)ဦးထွန်းကြည် ၁၄/ဓနဖ(နိုင်)၁၂၄၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ရန်နောင်စိုး(ဘ)ဦးအောင်ဇော်ဦး ၇/ကတခ(နိုင်)၂၁၃၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၅၀၂၇၇၆၃**

### ပျောက်ဆုံးကြောင်း
ခင်လေးသူ(ဘ)ဦးမင်းသူ ၁၄/အမန(နိုင်)၁၃၈၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၅၅၁၆၀၄၁**

### ပျောက်ဆုံးကြောင်း
အေးသီတာလွင်(ဘ)ဦးမြင့်လွင် ၁၂/လမန(နိုင်)၁၆၁၈၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 218641)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
စိုးလွင်(ဘ)ဦးငွေစိုး ၁၂/ဒလန(နိုင်)၀၃၅၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
သန်းထွန်းအောင်(ဘ)ဦးခင်ညို ၁၂/ဒဂမ(နိုင်)၀၃၄၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၇၅၉၈၇၈၄**

### ပျောက်ဆုံးကြောင်း
မျိုးမင်းဦး(ဘ)ဦးမြင့်စိုး ၅/ယမပ(နိုင်)၁၀၄၃၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
တင်ဌေးမြင့်(ဘ)ဦးစိန်သောင်း ၅/ယမပ(နိုင်)၁၀၅၂၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မစန်းဦး(ဘ)ဦးအောင်ကျော်ဦး ၅/ယမပ(နိုင်)၁၂၉၆၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အင်းချောင်းအုပ်စု၊ ဧက ၅၀၀ ကျေးရွာနေ မောင်ရဲကျော်အောင်(ဘ)ဦးသိန်းတန် ၇/ညလပ(နိုင်)၁၆၆၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၂၅၂၈၄၃၄**

**ပျောက်ဆုံးကြောင်း** — သန္တာဆွေ(ဘ)ဦးကျော်ဝင်း ၅/ယမပ(နိုင်)၀၉၄၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၇၅၉၈၇၈၄**

**ပျောက်ဆုံးကြောင်း** — သွယ်ဒယ်ရှင်း(ဘ)ဦးမြင့်စိုး ၅/ယမပ(နိုင်)၁၃၉၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**အလိမ္မာစာမှာရှိ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တိရစ္ဆာန်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၁ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စက်ယန္တရားအပိုပစ္စည်း(၉၀)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၉၈၅၆၄၄)ကို လည်းကောင်း၊ **အောက်တိုဘာလ ၂၂ ရက်**တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၂၃၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MAN Tractor Head (၁)စီးနှင့်နောက်တွဲယာဉ်(၁)တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **အောက်တိုဘာလ ၂၃ ရက်**တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၉၆၇၃၆၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၈၁၄၀၀)ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် ANKAI Express Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၁၅၆၇၀၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ **အောက်တိုဘာလ ၂၂ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သရက်ခရိုင်၊ သရက်-မင်းတုန်း ကားလမ်းမအနီး၌ မော်တော်ယာဉ်(၃)စီးပေါ်မှတရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်နွားထီး(၄၁)ကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)နှင့် အဆိုပါနွားထီးများ တင်ဆောင်လာသည့် Fuso Truck (၁)စီး၊ Canter Truck (၁)စီးနှင့် Toyota Crown (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၀၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၂၃ ရက်**တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်အတွင်း၌ တရားမဝင်အခြားသစ်(၄၁ ဒသမ ၅၈၄)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၃၉၄၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့မော်တော်ဆိုင်ကယ်အပိုပစ္စည်း(၂)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၂၅၈)တန် **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၂၀၆၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုလိပ်မြို့အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၆)မျိုး၊ လူသုံးကုန်ပစ္စည်း(၁၆)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၇၀၂၆၂၉) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace Mini Bus (၁)စီးနှင့် JIN BEI Mini Bus(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀၀)ကို လည်းကောင်း၊ ကျောက်ဆည်မြို့ဟန်မြင့်မိုရ်ကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း(၆)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၄၅၂၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီး နှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၄၇၈၇၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **အောက်တိုဘာလ ၂၃ ရက်နှင့် ၂၄ ရက်**တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၅ ဒသမ ၆၂၄)တန်၊ သစ်မာ(သုည ဒသမ ၇၄၁)တန်၊ အခြားသစ် (၅ ဒသမ ၆၅၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၁၃၃၈၃)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ လိုင်စင်မဲ့ Toyota Mark-II မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၁၃၃၈၃)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **အောက်တိုဘာလ ၂၄ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၌ လိုင်စင်မဲ့ Honda Wave မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာလ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် **ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၁၉၆၂၅၅၀)** ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၅-၁၀-၂၀၂၄(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။**(မိုး/ဇလ)**


**ပျောက်ဆုံးကြောင်း**

တောင်ငူမြို့၊ ကွင်းကျောင်း(၃)လမ်းကြား၊ အမှတ်(၂)နေ သိန်းဇော်ဝင်း(ဘ)ဦးဝင်းလှိုင် ၇/တငန(နိုင်)၁၆၄၆၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၇၄၄၇၈၀၀၀

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နေ မောင်အေးမင်းအောင်(ဘ)ဦးအေးထွန်း ၇/နတလ(နိုင်)၁၁၅၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ ကျိုက်ဒေးယုံကျေးရွာနေ ယဉ်ဝေလှိုင်(ဘ)ဦးမောင်ငယ် ၇/ပခန(နိုင်)၄၁၀၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ဝေါမြို့၊ ပုဂံကျေးရွာနေ နှင်းနုနုဝေ(ဘ)ဦးဝင်းဇော် ၇/ဝမန(နိုင်)၂၀၃၁၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

မင်းလှမြို့၊ ဦးတိုမြန်မာစုရွာနေ အိရွှေစင်(ဘ)ဦးဝင်းအောင် ၇/မလန(နိုင်)၁၁၇၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ရာကျော်(၂)လမ်းနေ ဒေါ်မာမာသန်း(ဘ)ဦးမြသန်း ၉/မရမ(နိုင်)၀၆၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၃၀၇၂၆၄

**ပျောက်ဆုံးကြောင်း**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ပြည်သာယာလမ်းနေ ဦးစိုးနိုင်(ဘ)ဦးအောင်ကျန် ၁၀/မဒန(နိုင်)၁၃၂၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၃၃၅၀၁၅၀

**ပျောက်ဆုံးကြောင်း**

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ပေါက်တောကြီးကျေးရွာနေ ကျော်ခင်လှိုင်(ဘ)ဦးညီပု ၁၁/ရသတ(နိုင်)၁၂၀၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 051404)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၅၀၃၂၁၂၄၉

# ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၌ ငွေကျပ်သိန်း ၂၅၄၀၂ ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ အား သေနတ်ပြခြိမ်းခြောက်ရိုက်နှက်၍ လုယက်သူ တရားခံ အမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိ






ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၌ ငွေကျပ်သိန်း ၂၅၄၀၂ ကျော်တန်ဖိုးရှိ ရွှေထည်ပစ္စည်းအလေးချိန် ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ အား သေနတ်ပြခြိမ်းခြောက်ရိုက်နှက်၍ လုယက်သူတရားခံ အမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်း၊ ငွေများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်/ခဲယမ်းနှင့်လုယက်မှုကျူးလွန်ရာမှ ရရှိသည့် သက်သေခံရွှေထည်ပစ္စည်းနှင့် ငွေများအား သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ ည ၆ နာရီ ၂၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းနှင့် ဆင်ရေတွင်းလမ်းထောင့်ရှိ “မြရွှေယုံ” ရွှေဆိုင်မှ ရွှေထည်ပစ္စည်းမျိုးစုံ ၅ ပိဿာ ၂၉ ကျပ်သားခန့်နှင့် ငွေကျပ်သိန်း ၅၀ တို့အား သံသေတ္တာ ၃ လုံးဖြင့် သိမ်းဆည်းကာ ယာဉ်မောင်းတစ်ဦးတည်းမောင်းနှင်သည့် ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် သယ်ဆောင်စဉ် လှိုင်မြို့နယ်ရှိ ရွှေဆိုင်ပိုင်ရှင်၏ နေအိမ်ရှေ့အရောက် မော်တော်ယာဉ်တစ်စီးဖြင့် အမျိုးသား ၄ ဦး ရောက်ရှိလာပြီး သေနတ်တစ်ချက်ပစ်ခတ်၍ ယာဉ်မောင်းအား ဝိုင်းဝန်းရိုက်နှက်ကာ ကားနောက်ဖုံးမှန်အား တူဖြင့်ထု၍ ရွှေထည်ပစ္စည်းနှင့်ငွေများထည့်ထားသည့် သေတ္တာ(၃)လုံး လုယူထွက်ပြေးသွားသဖြင့် ပိတောက်ချောင်းနယ်မြေရဲစခန်း (ပ)၉၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုရေးဖွင့် ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးအဖွဲ့မှ စုံစမ်းဖော်ထုတ်ခဲ့ရာ အောက်တိုဘာလ ၂၃ ရက်နေ့ ညနေ ၃ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပါရမီလမ်းနှင့် သုမင်္ဂလာလမ်းဆုံတွင် စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ တိုက်အမှတ်(၄၁)၊ (၄)လွှာ၊ အခန်း(4A) နေ မသက်ထားခိုင်(ခ)ရည်မွန်အေး(၃၇)နှစ်ကို မသင်္ကာ၍ စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းတွင် လုယက်မှုမှ ပါဆုံးသွားသော ပလက်တီနမ်ရွှေဖြူဆွဲကြိုး ၈ ကုံးနှင့် ငွေ ၁၀ သိန်းကျပ်တို့အား တွေ့ရှိပြီး ၎င်း၏ခင်ပွန်းဖြစ်သူ ထက်အောင်ခိုင်မှ ရောင်းချခိုင်းလိုက်ကြောင်းသိရသဖြင့် တရားခံ ထက်အောင်ခိုင်(၃၆)နှစ် (ဘ) ဦးအေးချိုအား ဆက်လက်ဖမ်းဆီးရမိခဲ့ပါသည်။ ထက်အောင်ခိုင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဒသမ ၃၂ ဗို့ ခြောက်လုံးပြူး(၁)လက်၊ S&WL ကျည်(၉)တောင့်၊ ၎င်းကျည်ခွံ(၁)ခု၊ ငွေစက္ကူ ရောရာ ၁၈ သိန်းကျပ်၊ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ(စိစစ်ဆဲ) တို့အား ဆက်လက်သိမ်းဆည်းရမိခဲ့ပါသည်။

ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူများဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ပေါက်စုကျေးရွာနေ တရားခံ ကျော်ကြီး(ခ)ကျော်ဇင်ဟိန်း (၂၂)နှစ် (ဘ) ဦးထွန်းထွန်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ အမှတ်(၈) ရပ်ကွက်နေ တရားခံ စောပိုင်ဇော်ဦး (ခ)ပိုင်ကြီး (၃၅)နှစ် (ဘ)ဦးစံသောင်း တို့အား အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ၃ ဦးတို့၏ ထွက်ဆိုချက်များအရ တရားခံ ထက်အောင်ခိုင်၊ ကျော်ဇင်ဟိန်း (ခ)ကျော်ကြီးနှင့် တရားခံ ဝေကြီး (ဖမ်းဆီးရန်ကျန်)တို့(၃)ဦးသည် KNU တပ်မဟာ(၇) ဝေ့ရှမ်းကျေးရွာတွင် ဖွင့်လှစ်သော PDF အကြမ်းဖက်သင်တန်းအပတ်စဉ် (၅/၂၀၂၄) သင်တန်းဆင်းများဖြစ်ကြပြီး အဆိုပါသင်တန်းတက်ရောက်နေစဉ် ထက်အောင်ခိုင်သည် သင်တန်း၌ ငွေလွှဲလုပ်ငန်း လုပ်ကိုင်သူ ဦးမာမူ (စိစစ်ဆဲ)ထံမှ ဒသမ ၃၂ ဗို့ ခြောက်လုံးပြူးနှင့် ကျည်များအား ငွေကျပ် (၂၁)သိန်းဖြင့် ဝယ်ယူခဲ့ပြီး “မြရွှေယုံ”ရွှေဆိုင်သို့ (၃/၄) ကြိမ်ခန့် လေ့လာကာ ဆိုင်ဖွင့်ချိန်နှင့် ဆိုင်သိမ်းချိန်များတွင် ယာဉ်မောင်းတစ်ဦးတည်း ဆိုင်မှရွှေထည်ပစ္စည်းများအား သယ်ယူပို့ဆောင်လေ့ရှိကြောင်း သိရှိရသဖြင့် လုယက်မှုကျူးလွန်ရန် ကြိုတင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း။

လုယက်မှုကျူးလွန်ရာတွင် တရားခံ ထက်အောင်ခိုင်မှ Toyota Corolla အဖြူရောင်ယာဉ်အား မောင်းနှင်၍ အခင်းဖြစ်ခြံရှေ့တွင် ရွှေထည်ပစ္စည်းများ သယ်ဆောင်လာသည့်ယာဉ်အား အနောက်မှကပ်လျက်ရပ်တန့်ကာ ယာဉ်မောင်းဖြစ်သူအား သေနတ်ဖြင့်ချိန်၍ တံခါးဖွင့်ခိုင်းခြင်း၊ တရားခံဝေကြီး (ဖမ်းဆီးရန်ကျန်)မှ ကားတံခါးအား တူဖြင့်ထုခြင်း၊ တရားခံ ထက်အောင်ခိုင်မှ ခြံ၏အရပ်သားလုံခြုံရေးဝန်ထမ်းဖြစ်သူအား သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ခြံဝင်းသံပန်းတံခါးအား ထိမှန်ခဲ့ပြီး ကျော်ဇင်ဟိန်း (ခ) ကျော်ကြီးနှင့် စောပိုင်ဇော်ဦး(ခ)ပိုင်ကြီးတို့(၂)ဦးမှ မော်တော်ယာဉ်၏နောက်ဖုံးတံခါးအားဖွင့်၍ ရွှေထည်ပစ္စည်းများထည့်ထားသည့် သံသေတ္တာ(၃)လုံးအား ၎င်းတို့စီးနင်းလာသည့်ကားပေါ်သို့ တင်ဆောင်ကာ မောင်းနှင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ရွှေထည်ပစ္စည်းနှင့် ငွေများလုယက်မှုမှ ဖမ်းဆီးရမိသည့် တရားခံ ထက်အောင်ခိုင်၊ ကျော်ဇင်ဟိန်း(ခ) ကျော်ကြီး၊ စောပိုင်ဇော်ဦး(ခ)ပိုင်ကြီးနှင့် ထွက်ပြေးတိမ်းရှောင် တရားခံ ဝေကြီး (စိစစ်ဆဲ)အား ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော တရားခံဝေကြီးအား အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာ၌ နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ပွင့်ဖြူ အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာ၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ရေပုတ်ကြီးကျေးရွာရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်နိုင်တစ်ပိုင် ချည်ထည်ရက်လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး အဓိကစိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ နေကြာ၊ ပဲတီစိမ်း၊ ဖုးစားပြောင်း၊ နှံစားပြောင်းနှင့် အခြားဟင်းသီးဟင်းရွက်သီးနှံများကို စိုက်ပျိုးကြသည်။

“ကျွန်တော်တို့ဒေသမှာ နှမ်းကို မိုးနဲ့ ဆောင်းမှာ အဓိကစိုက်ပျိုးကြပါတယ်။ အခုဆိုရင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေဟာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တောင်သူတွေက သီးနှံအထွက်နှုန်းတိုးတက်စေဖို့ မြေဩဇာကျွေးခြင်း၊ ပေါင်းနုတ်ခြင်း၊ ပိုးမွှားကျရောက်မှုမရှိအောင် ကြိုတင်ကာကွယ်နှိမ်နင်းခြင်းစတဲ့ လုပ်ငန်းတွေကို လုပ်ဆောင်နေကြတယ်” ဟု ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ ဒေသခံတောင်သူ ဦးစိန်ဌေးက ပြောသည်။

ရေပုတ်ကြီးကျေးရွာရှိဒေသခံတောင်သူများသည် ယခင်က ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးရေရယူသုံးစွဲနိုင်ခြင်းမရှိသည့်အတွက် မိုးကောင်းသောက် စိုက်ပျိုးရေးနည်းလမ်းဖြင့်သာ စိုက်ပျိုးရေးကို အားထားလုပ်ကိုင်ကြပြီး ယခုအခါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်း ချေးငွေအစီအစဉ်ဖြင့် ဆိုလာဖြင့်တွဲဖက်၍ မြေအောက်ရေရယူကာ နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မြစ်ကြီးနားမြို့နှင့် တွံတေးမြို့နယ်၊ မငေးအလယ်ကျေးရွာအုပ်စု၊ အလယ်ကျေးရွာတို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၄

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အံတော်ရှင်တောင်တန်းသာသနာပြု(ဗဟို) ကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ မငေးအလယ်ကျေးရွာအုပ်စု၊ အလယ်ကျေးရွာရှိ သံဃာတော် ၁၂ ပါးနှင့် ဒေသခံပြည်သူ ၁၄၀ ဦးတို့ကို အဆိုပါကျေးရွာ သာသနာဝေပုလ္လဘုန်းတော်ကြီးကျောင်း၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂါရဝပြုထောက်ပံ့ငွေပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၄

နတ်တလင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နတ်တလင်းမြို့ တာပွန်တောင်ပိုင်း(၂) ရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် လွတ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်)ဖြစ်သူ တပ်သားဉာဏ်အေး(အငြိမ်းစား)အား အသက် ၁၀၁ နှစ် ဂါရဝပြုထောက်ပံ့ငွေများကို အောက်တိုဘာလ ၂၄ ရက် နံနက်ပိုင်းက သွားရောက်ပေးအပ်ကြသည်။

ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တပ်သားဉာဏ်အေး(အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ်၅၀၀၀၀ နှင့် နတ်တလင်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုထောက်ပံ့ပေးအပ်ကြသည်။

အလားတူ ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကဒုံစီးရပ်ကွက်နေ တပ်သားချစ်လှ (အငြိမ်းစား) အသက် ၁၀၂ နှစ်အား ဂါရဝပြုထောက်ပံ့ငွေများ သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ထူးခြားသည့် နေ့အပူချိန်များ

၂၄-၁၀-၂၀၂၄

| | | | | |
|---|---|---|---|---|
| ကော့ကရိတ် | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| အမ်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ရွှေကျင် | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ဘီးလင်း | ၃၃ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ဖြူး | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |

# MFF Royal-D U-19 Futsal Championship 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ MFF Futsal Stadium ၌ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ယနေ့မွန်းလွဲ ၁ နာရီတွင် Yangon Futsal အသင်းနှင့် YCDC Marga FC အသင်းတို့ကစားခဲ့ရာ Yangon Futsal အသင်းက ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး Yangon Futsal အသင်းအတွက်သွင်းဂိုးများကို နိုင်ထွန်းလူး၊ အောင်ဖြိုးနိုင်နှင့် စိုင်းဉာဏ်မင်းထက်တို့က သွင်းယူပေးခဲ့ပြီး YCDC Marga FC အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ဇွဲထက်အောင်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ မွန်းလွဲ ၂နာရီခွဲက Hinthar FC အသင်းနှင့် Bushido Youth အသင်းတို့ကစားခဲ့ရာ ပွဲချိန်အတွင်း ခြောက်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်အတွက် ပယ်နယ်တီအဆုံးအဖြတ်ကစားခဲ့ရာ Hinthar FC အသင်းက ၁၀ ဂိုး ၈ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး Hinthar FC အသင်းအတွက် သွင်းဂိုးများကို ထူးဝေယံ၊ ဇွဲအာကာလင်း၊ သက်လင်းနောင်နှင့် သက်ထွန်းတို့က သွင်းယူပေးနိုင်ခဲ့ကာ Bushido Youth အသင်းအတွက် သွင်းဂိုးများကို ဝေယံဇော်နှင့် အောင်ခန့်ဇော်တို့က သွင်းယူပေးနိုင်ခဲ့ကြသည်။

MFF Royal–D U–19 Futsal Championship 2024 ပြိုင်ပွဲ တတိယလုပွဲအဖြစ် Bushido Youth အသင်းနှင့် YCDC Marga FC အသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် Hinthar FC အသင်းနှင့် Yangon Futsal အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို MFF Futsal Official Youtube တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

# မူခင်းကျဆင်းရေးအသိပညာပေးဟောပြော



တောင်ကြီး အောက်တိုဘာ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း၌ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ဦးဆောင်၍ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၁၅) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်ဖြိုးဝေက လူကုန်ကူးမှုအန္တရာယ်အကြောင်းသိကောင်းစရာများ၊ လူကုန်ကူးမှုဖြစ်စဉ်များနှင့်ပတ်သက်၍ လည်းကောင်း၊ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး နေမျိုးက မှုခင်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ရဲမှူးရဲထွန်းသိန်းက လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ တောင်ကြီးနယ်မြေစခန်းမှူး ဒုတိယရဲမှူး မျိုးကျော်သူက မှုခင်းဖြစ်ပွားမှုအမျိုးမျိုးနှင့် လိုက်နာဖွယ်ရာများကိုလည်းကောင်း ဟောပြောသည်။

ထို့ပြင်ဒုတိယရဲအုပ်ဇော်လွင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယရဲအုပ်ကျော်ဇင်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းသိကောင်းစရာများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း အသီးသီးဆွေးနွေးဟောပြောသည်။

ယင်းနောက် ရဲတပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများကို မှုခင်းကျဆင်းရေး အသိပညာပေးလက်ကမ်းစာစောင် ၅၀၀ ကိုဖြန့်ဝေပေးပြီး ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော မှုခင်းကျဆင်းရေး အသိပညာပေးဗွီနိုင်းဆိုင်းဘုတ်များ၊ မှုခင်းအသိပညာပေး ရွှေ့လျားစာကြည့်တိုက်များကို ကြည့်ရှုလေ့လာကြောင်းသိရသည်။

(၄၀၅)

❖ **ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့်ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့်ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလို. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

**မြန်မာ-အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးသည် နည်းပညာပူးပေါင်းဆောင်ရွက်မှုများမှာသာမက အခြားကဏ္ဍများတွင်လည်း တိုးတက်လျက်ရှိပြီး မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် နှစ်နိုင်ငံ၏စီးပွားရေးကဏ္ဍအသီးသီးအတွက် အကျိုးပြုလျက်ရှိ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၄

၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ⭘**



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563